# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 4 March 2026 ၁၂၁၁၁


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်

နေပြည်တော်၊ မတ်လ ၃ ရက်

၁။ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် လောင်စာဆီတင်သွင်းသည့်သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ ရေလမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အဟန့်အတားပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အထက်ပါအခြေအနေများကြောင့် စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်မှစတင်၍ ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မောင်းနှင်အသုံးပြုရန်ဖြစ်ပါသည်-

(က) လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ- 2A/----၊ 4A/---- စသည်ဖြင့်)၊ "မ"ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ-1A/----၊ 3A/---- စသည်ဖြင့်) စသည့်ပုဂ္ဂလိကပိုင်ယာဉ်များသာ မောင်းနှင်အသုံးပြုရန် ဖြစ်ပါသည်။ (EV မော်တော်ယာဉ်/EV မော်တော်ဆိုင်ကယ်များ နေ့စဉ်မောင်းနှင်နိုင်သည်။)

(ခ) နေ့စဉ် အများပြည်သူသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ၊ အငှားယာဉ်များ (Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/နိဗ္ဗာန်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ အသုံးပြုနိုင်သည်။

(ဂ) စက်သုံးဆီလုပ်ငန်းရှင်များသာမက အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါစည်းကမ်းသတ်မှတ်ချက်များသည် ထပ်မံ၍တစ်စုံတစ်ရာထုတ်ပြန်မှုမရှိသည့်အချိန်အထိ အတည်ဖြစ်ကြောင်းနှင့် အဆိုပါစည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

### ယနေ့ ဖတ်စရာ


နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

စာမျက်နှာ » ၄

ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့

ဆောင်းပါး စာမျက်နှာ » ၆

လူမှုဖူလုံရေးစီမံကိန်းအကျုံးဝင် မြို့နယ် ၁၂၈ မြို့နယ်တွင် အာမခံအလုပ်သမား ၁ ဒသမ ၃၄ သန်းကျော်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်

စာမျက်နှာ » ၈

၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၁၂




ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား တပေါင်းလပြည့်ရုံးပိတ်ရက်တွင် ဘုရားဖူးပြည်သူ ၂၈၀၀၀ ကျော် လာရောက်ဖူးမြော်

ကျိုက်ထို မတ် ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင်တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်နေ့မှစ၍ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ကျင်းပရာ အများပြည်သူအလုပ်ပိတ်ရက်များဖြစ်သည့် တပေါင်းလပြည့်ရုံးပိတ်ရက်တွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူ ၂၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ

# နိုင်ငံတော်ကထားရှိသောစေတနာ တန်ဖိုးထားအသိအမှတ်ပြုတုံ့ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် မင်္ဂလာရှိသော တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ကာလတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များနှင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က )ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်းအမိန့်များအား ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော်က ထုတ်ပြန်ကြေညာခဲ့သော အမိန့်များအရ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင်ရှိသည့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား အကျဉ်းသူများအနေဖြင့် လွတ်ငြိမ်းသက်သာခွင့်များ ရရှိခဲ့သည့်အတွက် စိတ်နှလုံးချမ်းသာ ဝမ်းမြောက်ကြရသလို ၎င်းတို့၏ မိသားစုများနှင့် ဆွေမျိုးသားချင်းမိတ်ဆွေ အပေါင်းအသင်းများအားလုံးအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်မဆုံးဖြစ်ခဲ့ကြသည့် မြင်ကွင်းများကို ယမန်နေ့က ကြုံတွေ့ခံစားကြရသဖြင့် နိုင်ငံတော်အကြီးအကဲအား ကျေးဇူးတင် အသိအမှတ်ပြုကြမည်ဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတအနေဖြင့် အဆိုပါနေ့ထူးနေ့မြတ်အခါသမယတွင် ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့ မတိုင်မီကာလအတွင်း လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခံရသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြသည်။

လွတ်ငြိမ်းသက်သာခွင့်တွင် အကျုံးဝင်သည့် ပြစ်ဒဏ်ကျခံနေရသူများအား အမျိုးသားလုံခြုံရေးကောင်စီ အမိန့်အမှတ်(၅/၂၀၂၆)ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသည့်ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ်(၆/၂၀၂၆)ဖြင့် အကျဉ်းသား အကျဉ်းသူ ၂၈၂၅ ဦးတို့ကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၇/၂၀၂၆)ဖြင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၀ ဦးတို့ကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ်(၈/၂၀၂၆)ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ်(၉/၂၀၂၆)ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာဆဲအမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ပေးခြင်းအမိန့်များ ထုတ်ပြန်ကြေညာခဲ့သည်။

ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့်များ ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ပေးရာရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြပြီး မိမိတို့၏မိသားစု၊ မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝနယ်ပယ်တွင် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးများရရှိလာမည်ဖြစ်သောကြောင့် နိုင်ငံတော်က မေတ္တာနှင့် စေတနာထားရှိမှုများကို သိမြင်နားလည်ပြီး ကောင်းကျိုးများကို ပြန်လည်တုံ့ပြန် ဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အများပြည်သူ ဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ"** ခေါင်းစဉ်ဖြင့် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ၃ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၃၀၀ | ၇၉၁ | ၇,၁၉၇,၁၀၀ |
| MTSH | ၄,၉၀၀ | ၄,၉၀၀ | ၃၄၃ | ၁,၆၈၀,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၅၀၀ | ၅၃ | ၄၃၅,၃၀၀ |
| FPB | ၃,၂၅၀ | ၃,၃၅၀ | ၁၀,၃၁၁ | ၃၅,၀၃၈,၉၅၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၂၆၄ | ၈၀၅,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၆,၅၈၄ | ၁၀,၉၆၇,၇၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၅၀ | ၇၄ | ၂၄၄,၂၅၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၈၀၀ | ၁၇၃ | ၄၈၄,၄၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမှုထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု (မွမ်းမံ)သင်တန်းဖွင့်

**နေပြည်တော် မတ် ၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အမှုထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု (မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် အမှုထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု (မွမ်းမံ)သင်တန်းတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ မူဝါဒများ၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ဌာန၏လုပ်ငန်းတာဝန်များဖြစ်သည့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ ကြီးကြပ်စစ်ဆေးခြင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အောင်ဘာလေထီလုပ်ငန်းနှင့် နိုင်ငံပိုင်ဘဏ်များ ကြပ်မတ်ကွပ်ကဲခြင်း လုပ်ငန်းများကို ပိုမိုနားလည်ပြီး ကျွမ်းကျင်မှုရှိစေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းဘဝတွင်လည်း ဌာနဆိုင်ရာဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်နိုင်မှုရှိအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အမှုထမ်း ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်






**နေပြည်တော် မတ် ၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အခြေခံလေ့ကျင့်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ယခုသင်တန်းကို လက်တွေ့လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်ရာ၌ ကော်မရှင်၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသိရှိရန်၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ ရုံးလုပ်ငန်း ကျွမ်းကျင်မှုရှိစေရန်နှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ မူဝါဒနှင့် အစီအမံများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင် အဓိကအင်အားတစ်ရပ် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ရိုးဖြောင့်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုကို တိုးပွားစေကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် ကျရာကဏ္ဍမှ အဂတိကင်းရှင်းစွာ တာဝန် ထမ်းဆောင်ခြင်းဖြင့် ကော်မရှင်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ အခြေခံလေ့ကျင့်ရေး သင်တန်းကို မတ် ၃ ရက်မှ ၂၆ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့မှူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုစကားဝိုင်း ကျင်းပ

**ကော့မှူး မတ် ၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုစကားဝိုင်းကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးတို့က အမျိုးသမီးများအပေါ် ကာကွယ်စောင့်ရှောက်မှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော အမျိုးသမီးများအပေါ် ကူညီဆောင်ရွက်ပေးနေမှုများ၊ အမျိုးသမီးများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများအပေါ် ကူညီထောက်ပံ့ပေးနေမှုကို ပြောကြားခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

**✥ ရွှေဖုံးမှ**

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့်ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်တက်မော်တော်ယာဉ် ၁၅၂ စီးကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ် နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားသည်။



ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော် တစ်လျှောက် အထင်ကရနေရာများ ဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော် ဈေးဆိုင်တန်း တစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များနှင့် ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများ များပြားလျက်ရှိကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



ရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဖောင်ရိုးချောင်းကျေးရွာ တာကွေ့ဈေး၌ မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ရဲကျော် ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မတ် ၃ ရက် နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်စဉ်။ ဧရာဦးသာ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။






ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ရေကူးအသံလွှင့်စက်ရုံ၏ ဧရိယာ ၁၃၁ ဧကခန့်တွင် အရှည်ပေ ၇၈၅၀ အား အုတ်တံတိုင်း ကာရန်ထားရှိပြီး အရှည် ၁၁၈၉ ပေတွင် အုတ်တံတိုင်းကာရန် လိုအပ်မှုအတွက် လာမည့်ဘတ်ဂျက်ဖြင့် ကာရန်နိုင်ရန် တင်ပြလျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အုတ်တံတိုင်း အရှည်ပေ ၄၈၅၀ တွင် ဆေးပြန်လည်သုတ်ခြင်း၊ ယင်းအပေါ်တွင် သွပ်ဆူးကြိုး ငါးတန်း တပ်ဆင်နေခြင်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် နှစ်စဉ်ပွင့်လင်းရာသီ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ချုံနွယ်နှင့်မြက်ခင်းဧရိယာ ဧက ၆၀ ခန့်အား လယ်ထွန်စက်/မြေထွန်စက်ဖြင့် ရှင်းလင်း၍ မီးတားပြုလုပ်ခဲ့ရာ ယခုနှစ်တွင်လည်း အလားတူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေး စီမံချက်နှင့်အညီ မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်မည့် ကိရိယာ၊ မီးသတ်ရေစနစ်၊ လျှပ်စစ်မီး သွယ်တန်းထားရှိမှုနှင့် စနစ်တကျ အသုံးပြုမှု၊ ကြိုတင်ပြင်ဆင်မှုနှင့် စစ်ဆေးမှု၊ ဇာတ်တိုက်လေ့ကျင့်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံတွင် လျှပ်စစ်မီးအသုံးပြုမှုအပြင် အိမ်ထောင်သည်လိုင်းများတွင်လည်း စနစ်တကျ မီးအသုံးပြုရေးအပါအဝင် လုံခြုံရေးကိစ္စများနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုးကြောင်ကလေး ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး မီးဘေးလုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးရည်မှန်းကာ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက်စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြုလုပ်သည်။



ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အထူးကြပ်မတ် ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသည့် လူနာများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၏ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအခြေအနေနှင့် လူနာများ၏ ကျန်းမာရေးအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို လစဉ် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

စတုတ္ထအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဇမ္ဗူသီရိမြို့နယ်နေ အသက် (၄၅)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသမီးနှင့် ကျောက်ကပ်အလှူရှင် သားတော်စပ်သူ အသက်(၂၀)နှစ်ရှိအမျိုးသားတို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၆ နာရီခွဲ ကြာမြင့်ခဲ့သည်။

ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပျော်ဘွယ်မြို့နယ်နေ အသက်(၃၄)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသားနှင့် ကျောက်ကပ်အလှူရှင် အစ်မတော်စပ်သူ အသက်(၃၆)နှစ်ရှိ အမျိုးသမီးတို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီ ကြာမြင့်ခဲ့သည်။

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လူနာများအား အထူးကြပ်မတ်ကုသဆောင်တွင်လည်းကောင်း၊ ကျောက်ကပ်အလှူရှင်များအား ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသဌာနတွင် လည်းကောင်း ထားရှိကာ လိုအပ်သောကုသမှုများကို အနီးကပ်ဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာသဇင်ခိုင်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာမျိုးသန်းနှင့်ဆေးတက္ကသိုလ် (မကွေး)မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာအောင်တို့ ပါဝင်သော ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့်ကျောက်ကပ်ဆေးကု) ပါမောက္ခဒေါက်တာ ဝင်းဝင်းလှိုင်၊ ပါမောက္ခ/ဌာနမှူး (ဆီးနှင့် ကျောက်ကပ်ဆေးကု)(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး (ဆီးနှင့်ကျောက်ကပ်ဆေးကု) ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး(ဆီးနှင့်ကျောက်ကပ်ဆေးကု) ဒေါက်တာကျော်ကျော်မျိုးတို့ ပါဝင်သော ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်)ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ(မေ့ဆေး) ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး)(ငြိမ်း)ပါမောက္ခဒေါက်တာမူမူနိုင်၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာကြည်ကြည်စန်းတို့ ပါဝင်သော မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ရောဂါဗေဒ) ပါမောက္ခ ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းနှင့် အထူးကုဆရာဝန်ကြီး (သွေးဗေဒ) ဒေါက်တာမီမီခိုင်တို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (ဓာတ်မှန်)ပါမောက္ခဒေါက်တာခိုင်ရွှေဝါ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ (ဓာတ်မှန်) ပါမောက္ခ ဒေါက်တာသဇင်သန်းတို့ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ သူနာပြုအုပ် ဒေါ်ဝိုန်ဆွင်းကျင်း၊ တာဝန်ခံသူနာပြုကြီး ဒေါ်မွန်ရည်ရည်ထွန်း၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ ဒေါ်သက်ဆု၊ ဒေါ်အေးအေးမော်တို့ ဦးဆောင်သော ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကိုအထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ ပုံမှန်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းပန်မြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**မိုင်းပန် မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်းနှင့် အားကစားခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါဖွင့်လှစ်ပေးသည့် နွေရာသီအခြေခံအားကစားသင်တန်းများတွင် ဘောလုံးပွဲ(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ ခြင်းလုံး(ကျား/မ)၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်နှင့် Fitness Dance အကများစသည့် သင်တန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ မိဘမေတ္တာမုန့်စက်ရုံပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကျေးလက်ဒေသ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့် အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုများ လျှော့နည်းရေးတို့ကို များစွာ အထောက်အကူဖြစ်စေကြောင်း၊ ယခုကဲ့သို့ သမဝါယမစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်တစ်ခုအနေဖြင့် သမဝါယမအသင်းတစ်ခုဖြစ်သည့် မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက "မိဘမေတ္တာ" မုန့်စက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ မုန့်စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် အထုပ်အကြီးအရေအတွက် တစ်သိန်းခန့်နှင့် အထုပ်အသေးအရေအတွက် နှစ်သိန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ထုပ်ပိုးမှုပုံစံများကိုလည်း ခေတ်မီလှပသပ်ရပ်သောပုံစံများဖြင့် သုံးစွဲသူစိတ်ဝင်စားမှုနှင့် စွဲဆောင်မှုရှိအောင် ဖန်တီးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုမုန့်စက်ရုံကို တည်ထောင်ဆောက်လုပ်နိုင်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းဆင်းများ အပါအဝင် ဒေသရှိလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ မိဘမေတ္တာမုန့်စက်ရုံပန္နက်တင်ခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင်အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် တန် ၁၂၀ ကျ ဆန်စက် Show Room နှင့် ရုံးခန်းတည်ဆောက်မည့် လျာထားမြေနေရာနှင့် တန် ၁၂၀ ကျ ဆန်စက်၊ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ပန်းရိုးမသောက်ရေသန့်စက်ရုံမှ ရေသန့်နှင့် ရေသန့်ရေခဲထုတ်လုပ်မှုနေမှုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်လည်ပတ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် စက်ရုံများစွမ်းအားပြည့် စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး၊ ကုန်ကြမ်းရရှိရေး၊ ထွက်ရှိလာသောထုတ်ကုန်များ ဈေးကွက်ရရှိရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စိုက်ပျိုးကေနှင့် အထွက်နှုန်းကိန်းဂဏန်းများ စာရင်းကောက်ယူတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား မတ် ၃**

ကချင်ပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် မိုးစပါး၊ နွေစပါးအပါအဝင် စိုက်ပျိုးသီးနှံများ၏ စိုက်ပျိုးကေများနှင့် အထွက်နှုန်းများ မြေပြင်ပကတိအခြေအနေမှန်အတိုင်း စာရင်းကောက်ယူ၍ တိကျမှန်ကန်မှုရှိစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ၏အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍတွင် ကိန်းဂဏန်းစာရင်းများ တိကျမှန်ကန်စေရေးနှင့် ကိန်းဂဏန်းများ ဖောင်းပွမှုမရှိရန် အရေးကြီးကြောင်း၊ ကိန်းဂဏန်းများ တိကျမှန်ကန်ခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိန်းဂဏန်းများ စုဆောင်းသည့်နေရာတွင် ပကတိအခြေအနေနှင့် အနီးစပ်ဆုံး တိကျမှန်ကန်စေရေး ကွင်းဆင်းကောက်ယူခြင်း၊ တောင်သူများထံမှ လက်ဆင့်ကမ်းကောက်ယူဖြည့်သွင်းခြင်းဖြင့် တိကျမှန်ကန်မှုအမြင့်မားဆုံးဖြစ်အောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမြေအသုံးချနိုင်မှုအပေါ် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံအပါအဝင် သီးနှံမျိုးစုံစိုက်ကေနှင့် ရိတ်သိမ်းပြီးစီးမှုကို အခြေခံ၍ စာရင်းကောက်ယူထားသည့် ကိန်းဂဏန်းအချက်အလက်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကိန်းဂဏန်းများ တိကျမှန်ကန်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ တောင်သူ စံပြစိုက်ခင်းတွင် စိုက်ပျိုးထားသည့် မျိုးမြှင့်တင်ရွေးချယ်ထားသော ၇၄ ရက်သားရှိသည့် ဆင်းရွှေကြာ-၂ နေကြာစိုက်ခင်းနှင့် စပ်မျိုးပြောင်း ၁၄ မျိုး အချင်းချင်း မျိုးကူးစပ်ခြင်းနည်းဖြင့် ဆောင်ရွက်၍ ပြောင်းဖူး Composite မျိုးများရရှိရန် မွေးမြူခြင်းစိုက်ခင်း၊ ပန်းနှမ်း၊ ပဲယဉ်းနီ၊ ပဲပုပ်ရေဆင်း ၁၅ ပေါင်ဖော်ကြဲပက်စိုက်နည်းစနစ် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံပြီး နေကြာသီးနှံကို ရာသီအလိုက် အလှည့်ကျ အပွင့်အရွယ်အစားနှင့် အထွက်တိုးစေနိုင်မည့် အပင်ပုံစံတို့ကို အချင်းချင်းဝတ်မှုန်ကူးစေခြင်းနည်းဖြင့် အပင်များအား ရွေးချယ်ပြီး နောက်တစ်ရာသီတွင် ပြန်လည်စိုက်ပျိုး၍ နှစ်စဉ်မျိုးထိန်း မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ဒေသနှင့် ကိုက်ညီမည့် အပင်များကိုသာ ဂရုတစိုက် ရွေးချယ် ဝတ်မှုန်ကူးစေ၍ စိုက်ပျိုးထုတ်လုပ်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မျိုးမွေးမြူရေးလုပ်ငန်းများတွင် အခြေခံကြသော မျိုးကောင်း ထုတ်လုပ်ရေးသည် အရေးကြီးသဖြင့် သီးသန့်အခြေခံမျိုးကွဲစုများဖန်တီး၍ ရွေးချယ်ရန်နှင့် စနစ်တကျ လုပ်ဆောင်ခြင်းဖြင့် မျိုးမြှင့်တင်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ နေကြာစိုက်ပျိုးရေးလုပ်ဆောင်ရာတွင် **"နေကြာစိုက်ပါ ပျားမွေးပါ၊ ပျားရည်လည်းရ ဆီလည်းရ"၊ "နေကြာနှင့် ပျားတူယှဉ်ထား ဂေဟစီးပွားအကျိုးများ"** ဆိုသည့်အတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ တတိယနေ့အဖြစ် ကျင်းပလျက်ရှိသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆)သို့ တက်ရောက်ပြီး လေ့လာရေး တောင်သူများအား တွေ့ဆုံ၍ တောင်သူများအနေဖြင့် မိမိစိုက်ချင်သည့် သီးနှံကိုစိုက်ခြင်းထက် ဈေးကွက်ရှိသီးနှံကို ဦးစားပေး၍ လူထုအခြေပြုစနစ်ဖြင့် စိုက်ပျိုးသင့်ကြောင်း၊ စပါးအပြီး ပဲစင်းငုံကို စမ်းသပ်စိုက်ပျိုးကြည့်ရန်နှင့် အောင်မြင်ပါက စီးပွားရေးအရ ပိုမိုအကျိုးအမြတ်ရှိနိုင်ကြောင်း၊ ဒေသအလိုက်သုတေသနပြုလုပ်ရန်လိုအပ်ပြီး စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားကာ တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် တောင်သူများနှင့်အတူ GAP ဟင်းသီးဟင်းရွက် စံပြစိုက်ခင်းကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကမ္ဘာ့အင်ဂျင်နီယာများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့

ကိုချင်း

လူသားတို့၏ သမိုင်းစဉ်တစ်လျှောက် အင်ဂျင်နီယာပညာသည် ယဉ်ကျေးမှုတည်ဆောက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပါသည်။ ကျောက်ခေတ်မှ ဒစ်ဂျစ်တယ်ခေတ်အထိ လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်း တီထွင်ဆန်းသစ်မှု၏ ရှေ့ဆောင်လမ်းပြအဖြစ် အမြဲတမ်းရပ်တည်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အင်ဂျင်နီယာများနေ့ (World Engineering Day for Sustainable Development)သည် ဤအရေးပါသောပညာရပ်၏ အနာဂတ်ကို ပြန်လည်အကဲဖြတ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ထိုနေ့သည် ကမ္ဘာတစ်ဝန်းရှိ အင်ဂျင်နီယာများ၏ အခန်းကဏ္ဍနှင့် လူ့အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနေသောအင်အားကို ဂုဏ်ပြုပေးသည့် အထိမ်းအမှတ်နေ့လည်းဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ဆောင်ပုဒ်ဖြစ်သော **"Smart Engineering for Sustainable Future through Innovation and Digitalization"** သည် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာကို အခြေခံအသုံးချ၍ တည်တံ့မြဲမြံသော အနာဂတ်ကို ဖန်တီးတည်ဆောက်ရန် စမတ်အင်ဂျင်နီယာပညာအား မြှင့်တင်အသုံးချရမည်ကို ရည်ညွှန်းထားခြင်းပင် ဖြစ်သည်။

အင်ဂျင်နီယာပညာဆိုသည်မှာ သိပ္ပံနည်းကျ အယူအဆများနှင့် လက်တွေ့ကမ္ဘာ၏ ပြဿနာများကို ဖြေရှင်းရန် အသုံးချခြင်းဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် ရိုးရိုးသာမန် အင်ဂျင်နီယာပညာထက် ကျော်လွန်သော **"စမတ်အင်ဂျင်နီယာပညာ"** (Smart Engineering) ဟူသည့် အသုံးအနှုန်းမှာ ပိုမိုအရေးပါလာသည်။

**စမတ်အင်ဂျင်နီယာပညာ** ဆိုသည်မှာ ပြဿနာတစ်ရပ် သို့မဟုတ် ရည်မှန်းချက်တစ်ရပ်အတွက် သင့်လျော်သော ဖြေရှင်းချက်ကို စနစ်တကျရှာဖွေဖော်ထုတ်ကာ အကောင်အထည်ဖော်သည့် အင်ဂျင်နီယာနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ယင်းတွင် အမြင်ကျယ်စွာ စဉ်းစားတီထွင်ခြင်း၊ မော်ဒယ်ဖန်တီးစမ်းသပ်ခြင်း၊ အကျယ်တဝင့် အသုံးချနိုင်ရန် တိုးချဲ့အကောင်အထည်ဖော်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပါသည်။

ဤလုပ်ငန်းစဉ်တွင် သိပ္ပံပညာဆိုင်ရာ ဗဟုသုတများ၊ စီးပွားရေးဆိုင်ရာ အသိပညာများ၊ လူမှုရေးဆိုင်ရာ နားလည်မှုများနှင့် လက်တွေ့အသုံးချနိုင်သော ကျွမ်းကျင်မှုများကို ပေါင်းစပ်အသုံးချခြင်းဖြင့် ထုတ်ကုန်တစ်ခု ဖန်တီးခြင်းသာမက လူသားဘဝ အရည်အသွေးမြှင့်တင်ရေးကိုပါ ရည်ရွယ်ပါသည်။

ထို့ကြောင့် စမတ်အင်ဂျင်နီယာပညာသည် အသုံးပြုသူများ၏ စိတ်ထဲတွင် အလွန်ပင်အံ့အားသင့်စေလောက်သော အတွေ့အကြုံများကို ဖန်တီးပေးနိုင်ပြီး လူ့အဖွဲ့အစည်းအတွက် အရေးပါသည့်အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

**စမတ်အင်ဂျင်နီယာပညာ၏ မောင်းနှင်အား (၁၀) ရပ်**

**၁။ ခေတ်ကာလအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အင်ဂျင်နီယာပညာ (Need-of-the-Hour Engineering)**

သမိုင်းတစ်လျှောက် အင်ဂျင်နီယာပညာ၏ ဦးတည်ချက်သည် ခေတ်ကာလ၏ လိုအပ်ချက်အရ ပြောင်းလဲခဲ့ကြရပါသည်။ ဘီစီခေတ်က လယ်ယာစိုက်ပျိုးရေးအတွက် ရေသွင်းစနစ်များနှင့် မြေဆီလွှာ လေ့လာမှုကို အဓိကထားခဲ့ရာမှ ကျောက်ခေတ်မှ သတ္တုခေတ်သို့ ကူးပြောင်းလာသည်နှင့်အမျှ အစားအစာ ချက်ပြုတ်ခြင်းနှင့် ပြင်ဆင်ထုတ်လုပ်ခြင်း နည်းပညာများ ပြောင်းလဲလာခဲ့ပါသည်။ ယနေ့ခေတ်တွင် အင်တာနက်နှင့် မိုဘိုင်းနည်းပညာများကြောင့် ကမ္ဘာကြီးသည် **"ကမ္ဘာလုံးဆိုင်ရာ ရွာငယ်လေး"** တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီး လူတို့၏ ထုတ်လုပ်မှုစွမ်းအားကို သိသိသာသာ မြှင့်တင်ပေးနိုင်ခဲ့သည်။ ယခုအခါ အသံဖြင့် ဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်းတို့မှ အချိန်နှင့်တစ်ပြေးညီ စာပို့စနစ်များ၊ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှုများအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ယနေ့ခေတ်၏ လိုအပ်ချက်မှာ Broadband နှင့် Connectivity များကို ကျယ်ပြန့်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရေးနှင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်းဆုံး ထိန်းညှိတိုးတက်အောင် ပြုလုပ်နိုင်ရေးပင် ဖြစ်သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ဆောင်ပုဒ်အရ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စနစ်သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဥပမာအားဖြင့် 5G ကွန်ရက်များ ဖြန့်ကြက်ခြင်းသည် ကျေးလက်ဒေသများအပါအဝင် နေရာအနှံ့ မြန်နှုန်းမြင့် အင်တာနက်ရရှိရေးအတွက် အရေးပါသည့် အင်ဂျင်နီယာဆိုင်ရာ စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ယနေ့ခေတ်တွင် Connectivity နှင့် Digital Infrastructure (Broadband, Smart Grid, Data Center, 5G စနစ်များ) သည် အရေးပါဆုံးလိုအပ်ချက်များ ဖြစ်သည်။

**၂။ တိုးတက်ပြုပြင်ထားသော အင်ဂျင်နီယာပညာ (Improvised Engineering)**

တူညီသော ရည်ရွယ်ချက်ကို ပိုမိုခေတ်မီသည့် နည်းပညာများဖြင့် အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် တိုးတက်ပြုပြင်ထားသော အင်ဂျင်နီယာပညာ (Improvised Engineering) ၏ အဓိကအချက်ဖြစ်သည်။ ရှေးခေတ်က အချိန်ကို တိုင်းတာရန် တုတ်၏ အရိပ်ကိုသာ အားကိုးခဲ့ရရာမှ Sun Dial နှင့် Jantar Mantar ကဲ့သို့သော ကိရိယာများ ပေါ်ပေါက်လာခဲ့သည်။ ယနေ့ခေတ်တွင် အိုလံပစ်ပြိုင်ပွဲ၌ စက္ကန့်၏ အစိတ်အပိုင်းလေးများကိုပင် တိကျစွာ ဖမ်းယူနိုင်သည့် အလွန်တိကျသော အချိန်တိုင်းတာရေးကိရိယာများ ရှိလာခဲ့ပြီ ဖြစ်ပါသည်။

အလားတူ ပုံနှိပ်နည်းပညာသည်လည်း Offset Printing မှ Digital Printer များ၊ Dot Matrix မှ Laser Jet သို့ ဆင့်ကဲပြောင်းလဲလာခဲ့ပြီး ယခုအခါ 3D Printing နည်းပညာသည် ပစ္စည်းကိုဖြတ်တောက်ဖယ်ရှားသည့် Subtractive နည်းလမ်းမှ ပစ္စည်းကို အလွှာလိုက် ထည့်သွင်းတည်ဆောက်သည့် Additive နည်းလမ်းသို့ ပြောင်းလဲမှုကြီးတစ်ရပ်ကို ဖန်တီးပေးလျက်ရှိပါသည်။ ဤပြောင်းလဲမှုသည် ဆန်းသစ်တီထွင်မှု၏ သက်သေသာဓကတစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ်စနစ် (Digitalization) သည် ဤတိုးတက်မှုအားလုံး၏ ကျောရိုးမကြီးအဖြစ် ရပ်တည်နေပါသည်။

**၃။ အခြေခံအထိ အသေးစိတ်လေ့လာ ချုံ့ကြည့်နိုင်သော အင်ဂျင်နီယာပညာ (Strip-Down Engineering)**

အခြေခံအထိ အသေးစိတ်လေ့လာ ချုံ့ကြည့်နိုင်သော အင်ဂျင်နီယာပညာ (Strip-Down Engineering) သည် ပြန်လည်ဆန်းစစ်တီထွင်သော အင်ဂျင်နီယာပညာ (Reverse Engineering) နှင့် ချွေတာသုံးစွဲသည့် အင်ဂျင်နီယာပညာ (Frugal Engineering) တို့၏ အားသာချက်များကို ပေါင်းစပ်ထားသော နည်းလမ်းတစ်ရပ်ဖြစ်ပြီး မရှိမဖြစ် လိုအပ်သော လုပ်ဆောင်ချက်များကိုသာ ထိန်းသိမ်းကာ ကုန်ကျစရိတ်လျှော့ချသော နည်းလမ်းဖြစ်သည်။ ပရေတို၏ ၈၀:၂၀ သဘောတရားကို အခြေခံကာ မရှိမဖြစ် လိုအပ်သော လုပ်ဆောင်ချက်များကိုသာ ထိန်းသိမ်းထားနိုင်ရန် ဆန်းစစ်ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အသုံးပြုသူများ၏ အမြင်အရ အရေးပါဆုံးသော လုပ်ဆောင်ချက်များ ၈၀ ရာခိုင်နှုန်းကို ရွေးချယ်ကာ ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်အောင် အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် ဈေးနှုန်းချိုသာသော ကားတစ်စီးကို ဒီဇိုင်းဆွဲရာတွင် ဘီးနပ်ခေါင်း လေးလုံးအစား သုံးလုံးသာ သုံး၍ရမလားဟူသော မေးခွန်းထုတ်ခြင်းမျိုးဖြစ်ပါသည်။ ဤနည်းလမ်းသည် ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးတို့၏ အချိုးကို အမြဲတမ်းချိန်ဆသုံးသပ်နေပြီး လူမှုအလွှာအောက်ဆုံး (bottom-of-the-pyramid) လူထုအတွက် သင့်လျော်သည့် ထုတ်ကုန်များ ဖန်တီးရာတွင် အလွန်ထိရောက်မှုရှိပါသည်။ ဤသည်မှာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအချက် တစ်ချက်ဖြစ်သည့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းနှင့် ကိုက်ညီပါသည်။

**၄။ စွမ်းဆောင်ရည်မြှင့်တင်သော အင်ဂျင်နီယာပညာ (Performance-Boosting Engineering)**

ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ အောင်မြင်မှုသည် ၎င်း၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်ပါသည်။ စွမ်းဆောင်ရည်မြှင့်တင်သော အင်ဂျင်နီယာပညာ (Performance-Boosting Engineering)သည် ကန့်သတ်ချက်များကိုထည့်သွင်းစဉ်းစားထားကာ ဖြေရှင်းချက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ မိုဘိုင်းဖုန်းများတွင် Single-core မှ Octa-core ပရိုဆက်ဆာများအထိ တိုးတက်လာခြင်းသည် အပြိုင်လုပ်ဆောင်မှု (Parallel Processing) များကို အသုံးချနိုင်ရန်နှင့် လုပ်ဆောင်နိုင်စွမ်းတို့ကို မြှင့်တင်ရန်ဖြစ်သည်။

Heterogeneous Processing Environment တွင် Code များကို ASIC, DSP, CPU, GPU အစရှိသည့် ချစ်ပ်များအကြား သင့်လျော်စွာ ခွဲဝေတင်ဆက်နိုင်ခြင်းသည် စနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်ပါသည်။ ထို့အပြင် Multi-resolution Systems များ ဖန်တီးခြင်းလည်း ပါဝင်ပါသည်။ ဥပမာ ကင်မရာ အရည်အသွေးအမျိုးမျိုးရှိသော ဖုန်းများ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤကဏ္ဍသည် ဆန်းသစ်တီထွင်မှု (Innovation) ၏ တိုက်ရိုက်သက်ရောက်မှုကို ပြသပြီး ဒစ်ဂျစ်တယ်စနစ်၏ အကူအညီဖြင့် ပိုမိုရှုပ်ထွေးသော လုပ်ဆောင်ချက်များကို ထည့်သွင်းနိုင်စေရန်နှင့် တုံ့ပြန်ချိန်ကို လျှော့ချနိုင်စေရန် ဆောင်ရွက်ပေးပါသည်။

**၅။ ဉာဏ်ရည်ထက်မြက်စနစ် အင်ဂျင်နီယာပညာ (IntelliSys Engineering)**

ဉာဏ်ရည်ထက်မြက်သော စက်ပစ္စည်းများသည် အာရုံခံကိရိယာ(Sensor)၊ လှုပ်ရှားမှုထိန်းချုပ်ကိရိယာ(Actuator)နှင့် ထိန်းချုပ်ကိရိယာ (Controller) များမှတစ်ဆင့် အာရုံခံခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းနှင့် ထိန်းချုပ်ခြင်း စသည့်လုပ်ဆောင်ချက်များကို အသုံးချကြပါသည်။ ဉာဏ်ရည်ထက်မြက်စနစ် အင်ဂျင်နီယာပညာ (IntelliSys Engineering) သည် ဉာဏ်ရည်ထက်မြက်စေသည့်စနစ်များကို အားပေးတည်ဆောက်ပေးပြီး ပြန်လည်တုံ့ပြန်မှုထိန်းချုပ်စနစ် (Closed-loop Control) အပေါ် အခြေခံသည့် အလိုအလျောက်လည်ပတ်မှု၊ စွမ်းအင်ထိရောက်မှုနှင့် ကွန်ရက်ချိတ်ဆက်နိုင်မှုတို့ကို ပံ့ပိုးပေးပါသည်။

**စာမျက်နှာ ၇ သို့ ◆**

- **အင်ဂျင်နီယာပညာဆိုသည်မှာ သိပ္ပံနည်းကျ အယူအဆများနှင့် လက်တွေ့ကမ္ဘာ၏ ပြဿနာများကိုဖြေရှင်းရန် အသုံးချခြင်းဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် ရိုးရိုးသာမန် အင်ဂျင်နီယာပညာထက်ကျော်လွန်သော "စမတ်အင်ဂျင်နီယာပညာ" (Smart Engineering) ဟူသည့် အသုံးအနှုန်းမှာ ပိုမိုအရေးပါလာ**
- **စမတ်အင်ဂျင်နီယာပညာဆိုသည်မှာ ပြဿနာတစ်ရပ် သို့မဟုတ် ရည်မှန်းချက်တစ်ရပ်အတွက် သင့်လျော်သော ဖြေရှင်းချက်ကို စနစ်တကျရှာဖွေဖော်ထုတ်ကာ အကောင်အထည်ဖော်သည့် အင်ဂျင်နီယာနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ယင်းတွင် အမြင်ကျယ်စွာ စဉ်းစားတီထွင်ခြင်း၊ မော်ဒယ်ဖန်တီးစမ်းသပ်ခြင်း၊ အကျယ်တဝင့် အသုံးချနိုင်ရန် တိုးချဲ့အကောင်အထည်ဖော်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်**

◆ စာမျက်နှာ ၆ မှ

ဥပမာအားဖြင့် Smart Home Platform ကို တည်ဆောက်ခြင်းတွင် အိမ်တစ်အိမ်၏ စွမ်းအင်သုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီတိုင်းတာပြီး လျှပ်စစ်ခတ်အားခန့်မှန်းထားအလိုက် သုံးစွဲမှုကို ထိန်းချုပ်နိုင်ခြင်းမျိုး ဖြစ်ပါသည်။ Connected Car Platform တွင်လည်း ကားတာယာ၏ Pressure Sensor များက ဘီးလေလျော့ခြင်းကို ကြိုတင်သိရှိနိုင်ပြီး ယာဉ်မောင်းအား သတိပေးနိုင်ပါသည်။ ယနေ့ခေတ် အင်ဂျင်နီယာပညာ၏ အဓိကကျသော အစိတ်အပိုင်းမှာ ဉာဏ်ရည်တု (AI) နှင့် စက်သင်ယူမှု (Machine Learning) နည်းပညာများကို အသုံးချကာ အချက်အလက်ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ဖြစ်ပါသည်။ ဤသည်မှာ ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ ဆောင်ပုဒ်ပါ ဒစ်ဂျစ်တယ်စနစ် (Digitalization) ၏ အနှစ်သာရပင် ဖြစ်ပါသည်။

**၆။ ကဏ္ဍပေါင်းစည်း တီထွင်ဖန်တီးမှု အင်ဂျင်နီယာပညာ (Cross–Pollination Engineering)**

ယနေ့ခေတ်တွင် နယ်ပယ်အသစ်များ အမြဲပေါ်ပေါက်လျက်ရှိပြီး ပြဿနာအချို့ကို ဖြေရှင်းရာတွင် နယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်မှုများ လိုအပ်လာပါသည်။ ဤသည်မှာ ကဏ္ဍပေါင်းစည်း တီထွင်ဖန်တီးမှု အင်ဂျင်နီယာပညာ (Cross–Pollination Engineering) ဖြစ်ပါသည်။ ဘူမိဗေဒ (Geology) နှင့် ဇီဝဗေဒ (Biology) ကို ပေါင်းစပ်ခြင်းဖြင့် Geo–microbiology နယ်ပယ်အသစ် ပေါ်ပေါက်လာပြီး မြေဆီလွှာမှတစ်ဆင့် အစားအစာသို့ ပိုးမွှားများ ကူးစက်ခြင်းကို လေ့လာနိုင်ပါသည်။ ပထဝီဗေဒ (Geography) နှင့် သတင်းအချက်အလက်ပညာတို့ ပေါင်းစပ်ခြင်းသည် Geographic Information System (GIS) ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းဖွင့်ပေးခဲ့ပါသည်။

Optical Physics နှင့် Telecommunication ကို ပေါင်းစပ်ကာ Fiber Optic Communication နယ်ပယ်အသစ် ဖြစ်ပေါ်လာပါသည်။ ဤသို့ နယ်ပယ်ပေါင်းစုံမှ အတွေးအခေါ်များနှင့် နည်းပညာများကို ပေါင်းစည်းခြင်းသည် ဆန်းသစ်တီထွင်မှု၏ အဓိကအရင်းအမြစ်ဖြစ်သည်။ ဥပမာအားဖြင့် ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းတွင် 3D ပုံနှိပ်စက်နည်းပညာကို အသုံးပြု၍ အိမ်များ ဆောက်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ ဤသည်မှာ ပစ္စည်းဆိုင်ရာ သိပ္ပံပညာ (Material Science) နှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာတို့ ပေါင်းစည်းခြင်း၏ ရလဒ်ဖြစ်ပါသည်။

**၇။ အထောက်အကူပြု ဉာဏ်ရည်မြင့် အင်ဂျင်နီယာပညာ (Smart–Auxiliary Engineering)**

အင်ဂျင်နီယာပညာသည် သိပ္ပံရှာဖွေတွေ့ရှိမှုများကို ထုတ်ကုန်များအဖြစ် တိုးချဲ့ဖော်ဆောင်ပေးရုံသာမက သိပ္ပံပရောဂျက်များအတွက် နောက်ခံအထောက်အကူအဖြစ်လည်း ပါဝင်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ CERN ရှိ Large Hadron Collider (LHC) ခေါ် ဧရာမ အမှုန်အစုအဝေးအရှိန်မြှင့်စက်ကြီးကို အသုံးပြုပြီး စကြဝဠာ၏ ပြင်းထန်ပေါက်ကွဲမှုကြီး (Big Bang) ဖြစ်စဉ်အပြီး စက္ကန့်သန်းပေါင်းများစွာ၏ တစ်သန်းပုံတစ်ပုံအကြာ အခြေအနေကို အတုယူစမ်းသပ်နေခြင်းသည် အင်ဂျင်နီယာပညာ၏ အံ့မခန်းအောင်မြင်မှုတစ်ရပ်ဖြစ်ပြီး Big Bang ဖြစ်စဉ်ကို စမ်းသပ်လေ့လာနိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အင်ဂျင်နီယာပညာ၏ အထောက်အကူပြု



အခန်းကဏ္ဍကို အသေးအဖွဲဟု မထင်သင့်ပါ။ Boeing 787 Dreamliner လေယာဉ်တွင် Nickel Hydride ဘက်ထရီများအစား စွမ်းအင်နှစ်ဆ ထုတ်လုပ်နိုင်ပြီး နေရာတစ်ဝက်သာယူသော Lithium–ion ဘက်ထရီများကို အသုံးပြုခဲ့ပါသည်။ သို့သော် Lithium–ion ဘက်ထရီများသည် ဖိအားနှင့် အပူချိန်မြင့်မားမှုကြောင့် လျှပ်စစ်ပတ်လမ်းအတွင်း Short–Circuit ဖြစ်ကာ မီးလောင်မှုအန္တရာယ် ဖြစ်ပွားခဲ့ပါသည်။ ဤပြဿနာကြောင့် Dreamliner လေယာဉ်များကို ကမ္ဘာတစ်ဝန်း ရပ်နားခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ ဤဖြစ်ရပ်သည် Smart–Auxiliary Engineering ၏ အရေးပါမှုကို ထင်ရှားစွာပြသခဲ့ပါသည်။ အရန်စနစ်များ၏ လုံခြုံရေး၊ ထိရောက်မှုနှင့် ယုံကြည်စိတ်ချရမှုသည် ပင်မစနစ်၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်ပါသည်။

**၈။ တည်တံ့မြဲမြံသော အင်ဂျင်နီယာပညာ (Sustainable Engineering)**

ရေရှည်တည်တံ့ခိုင်မြဲမှု (Sustainability) သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ အဓိကကျသော အကြောင်းအရာ ဖြစ်ပါသည်။ တည်တံ့မြဲမြံသော အင်ဂျင်နီယာပညာ (Sustainable Engineering) သည် ပတ်ဝန်းကျင်နှင့် ဟန်ချက်ညီညီ တည်တံ့မြဲမြံစေရေးကို အဓိကရည်ရွယ်ပါသည်။ ယနေ့ခေတ်တွင် အပူခာတ်အခြေပြု စွမ်းအင်အသုံးပြုမှုကိုလျှော့ချပြီး နေရောင်ခြည်စွမ်းအင်နှင့် နျူကလီးယားစွမ်းအင်တို့သို့ ကူးပြောင်းအသုံးပြုလာကြပါသည်။ စွမ်းအင်ထုတ်လုပ်မှုသာမက ပိုမိုထိရောက်သော လျှပ်စစ်ဖြန့်ဝေမှုအတွက် Smart Grid စနစ်များကိုလည်း တီထွင်ဖန်တီးနေကြပါသည်။

ဥပမာအားဖြင့် အီလက်ထရွန်နစ် ဆားကစ်များတွင် ယခင်က 3V သို့မဟုတ် 5V ဖြင့် လည်ပတ်ခဲ့သည့် ဒစ်ဂျစ်တယ်ချစ်ပ်များကို ယနေ့တွင် 1.8V ဖြင့် လည်ပတ်နိုင်အောင် တိုးတက်ဖန်တီးနိုင်ခဲ့ပါသည်။ စွမ်းအင်သုံးစွဲမှုကို သတိပြုစီမံသော (energy–aware) ပရိုတိုကောများကိုလည်း ဒီဇိုင်းထုတ်ခဲ့ကြပါသည်။ ထို့အပြင် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ (recycled materials) ကို အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်း အနည်းဆုံးဖြစ်အောင် ဒီဇိုင်းဆွဲခြင်းတို့သည်လည်း Sustainable Engineering ၏ အဓိကအစိတ်အပိုင်းများ ဖြစ်ပါသည်။

**၉။ သဘာဝအခြေပြု အင်ဂျင်နီယာပညာ (Nature–Inspired Engineering)**

သဘာဝတရားသည် အင်ဂျင်နီယာများအတွက် အကောင်းဆုံးသင်ခန်းစာ ဖြစ်ပါသည်။ Nature–Inspired Engineering သည် သဘာဝရှိ သတ္တဝါများနှင့် အပင်များမှ လှုံ့ဆော်မှုရယူကာ ထုတ်ကုန်များကို ဒီဇိုင်းဆွဲခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံ၏ မြန်နှုန်းမြင့် မီးရထား Bullet Train သည် ဥမင်လိုဏ်ခေါင်းမှ ထွက်လာချိန်တွင် အလွန်ကျယ်လောင်သောအသံ ပြဿနာရှိခဲ့ရာ ရေထဲသို့ ထိုးဆင်းရာတွင် ရေမျက်နှာပြင်ကို မထိခိုက်စေဘဲ လျှောကျဝင်နိုင်သော Kingfisher ၏ နှုတ်သီးပုံစံကို အတုယူကာ ရထား၏ဦးခေါင်းပုံစံကို ပြန်လည်ဒီဇိုင်းဆွဲခဲ့ခြင်း ဖြစ်ပါသည်။ Mercedes–Benz ၏ Bionic Concept Vehicle ကို Boxfish ငါး၏ လေဆန်မှုနည်းသော ကိုယ်လုံးပုံစံနှင့် ခိုင်မာသော အပြင်အလွှာ (exo–skeleton) ကို လေ့လာကာ ဒီဇိုင်းဆွဲထားပါသည်။ ကြာပန်း (Lotus) ၏ အရွက်များသည် ရေစက်နှင့် ဖုန်မှုန့်များကို လွယ်ကူစွာ ဖယ်ရှားနိုင်သော ဂုဏ်သတ္တိရှိရာ ထိုသဘောတရားကို အပြင်အလွှာသုတ်ဆေးများ၊ အထည်အလိပ်များတွင် အသုံးချခဲ့ကြပါသည်။ ဤနည်းလမ်းသည် ဆန်းသစ်တီထွင်မှု၏ နောက်ထပ် မျက်နှာစာတစ်ခုကို ဖွင့်ပြထားခြင်းပင် ဖြစ်ပါသည်။

**၁၀။ အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward–Looking Engineering)**

အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward–Looking Engineering) သည် အနာဂတ်ကိုမြော်တွေးပြီး သိပ္ပံအယူအဆများကို လက်တွေ့အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ ယနေ့ခေတ်တွင် ရုပ်ပိုင်းဆိုင်ရာ ကမ္ဘာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာတို့ ပေါင်းစည်းလာနေပါသည်။ ဒစ်ဂျစ်တယ်ကမ္ဘာ (Virtual Reality) မှ မြှင့်တင်ထားသော လက်တွေ့ကမ္ဘာ (Augmented Reality) သို့ တိုးတက်ရွေ့လျားလာကာ အသုံးပြုသူများ၏ ဆက်ဆံရေး (User Interaction)များလည်း ထိတွေ့ခြင်းအခြေပြု (Touch–based) မှ လက်ဟန်အခြေပြု (Gesture–controlled) အဆင့်သို့ ပြောင်းလဲလာနေပါသည်။

ကွမ်တမ် ကုဒ်သွင်းစနစ် (Quantum Cryptography)သည် အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward–Looking Engineering) ၏ ထင်ရှားသော ဥပမာတစ်ခု ဖြစ်သည်။ ကွမ်တမ်တွက်ချက်ရေးပညာ (Quantum Computing) သည် တစ်ပြိုင်နက်တည်ရှိခြင်း (Superposition) နှင့် ဆက်စပ်ယှက်နွယ်ခြင်း (Entanglement) သဘောတရားများကို အသုံးပြုသော ကွမ်တမ်ကွန်ပျူတာ၏ အခြေခံအကျဆုံး သတင်းအချက်အလက်ယူနစ် (Qubit) များအပေါ်တွင် အခြေခံထားသည်။ သိပ္ပံစိတ်ကူးယဉ် (Science Fiction) အတွေးအခေါ်များကိုပင် လက်တွေ့အသုံးချနိုင်သည့် နည်းပညာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန် အင်ဂျင်နီယာများက ကြိုးပမ်းနေကြသည်။ ဥပမာအားဖြင့် လူသားများ လကမ္ဘာသို့ ပြန်လည်သွားရောက်ခြင်း၊ အင်္ဂါဂြိုဟ်ပေါ်တွင် နေထိုင်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့သည် အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ၏ စိန်ခေါ်မှုများပင် ဖြစ်သည်။

**အနာဂတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ခရီးလမ်း**

ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်အခက်အခဲ၊ အရင်းအမြစ်ရှားပါးမှုနှင့် ဒစ်ဂျစ်တယ်ကွာဟမှုတို့သည် အရေးကြီးသော စိန်ခေါ်မှုများ ဖြစ်ပါသည်။ စမတ်အင်ဂျင်နီယာပညာ (Smart Engineering) သည် ထိရောက်မှု မြှင့်တင်ခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချခြင်း၊ ဒစ်ဂျစ်တယ် ချိတ်ဆက်မှုတိုးချဲ့ခြင်း၊ လူမှုအကျိုးပြုဖြေရှင်းချက်များ ဖန်တီးခြင်းတို့မှတစ်ဆင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နိုင်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ ဆောင်ပုဒ်ဖြစ်သော "Smart Engineering for Sustainable Future through Innovation and Digitalization" သည် ကျွန်ုပ်တို့အား လမ်းကြောင်းမှန်ကို ညွှန်ပြနေပါသည်။ အထက်တွင် ဖော်ပြခဲ့သော စမတ်အင်ဂျင်နီယာပညာ၏ အခြေခံမောင်းနှင်အား (၁၀) ချက်သည် ဤခရီးလမ်းတွင် မီးပြတိုက်များသဖွယ် အရှေ့သို့ အလင်းပြလျက် ရှိပါသည်။

ခေတ်ကာလအလိုက် လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဖြင့် ကျွန်ုပ်တို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို နားလည်ရန်ကူညီပေးမည် ဖြစ်ပါသည်။ တိုးတက်ပြုပြင်ခြင်းနှင့် အခြေခံအထိ အသေးစိတ်လေ့လာချို့ကြည့်ခြင်းတို့သည် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချတတ်စေပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဉာဏ်ရည်ထက်မြက်စနစ်များ တည်ဆောက်ခြင်းတို့သည် ဒစ်ဂျစ်တယ်စနစ်၏ အစွမ်းကို ဖော်ထုတ်ပေးမည်ဖြစ်သည်။ ကဏ္ဍပေါင်းစည်းတီထွင်ဖန်တီးမှုနှင့် အထောက်အကူပြု ဉာဏ်ရည်မြင့် အင်ဂျင်နီယာတို့သည် ဆန်းသစ်တီထွင်မှု၏ အုတ်မြစ်များပင် ဖြစ်သည်။ တည်တံ့မြဲမြံခြင်းနှင့် သဘာဝအခြေပြုခြင်းတို့သည် ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကြီးကို ကာကွယ်ရန် လမ်းညွှန်ချက်များပင်ဖြစ်ပြီး အနာဂတ်ကို ဦးတည်ခြင်းဖြင့် ကျွန်ုပ်တို့၏ အိပ်မက်များ အကောင်အထည်ဖော်ရန် သတ္တိတို့ကို ရှိစေပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဤအခြေခံမောင်းနှင်အားများကို အသုံးချကာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းနိုင်ရန် အင်ဂျင်နီယာပညာရပ်ကို အားပေးမြှင့်တင်ရာတွင် အခြေခံအဆောက်အအုံများ ခိုင်မာစေရေး၊ စွမ်းအင်ထိရောက်စွာအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဦးစားပေးကဏ္ဍများ ဖြစ်ပါသည်။

အင်ဂျင်နီယာပညာသည် အတိတ်ကို တည်ဆောက်နိုင်ခဲ့သကဲ့သို့ အနာဂတ်ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးပူးပေါင်း၍ **“စမတ်အင်ဂျင်နီယာ”** ၏ အစွမ်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့ ခြေလှမ်းများ ရဲဝံ့စွာလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့အား ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

## လေးမျက်နှာမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး

**လေးမျက်နှာ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ လူနေအိမ်များ မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း၏ စီမံမှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယမြို့နယ်ဦးစီးမှူး ဦးထက်ဝေဦး ဦးဆောင်သော သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိနှင့် နေအိမ်ဝန်းကျင်တွင် အမှိုက်များ ကင်းစင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

■

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၃**

ယနေ့ နံနက် ၁၁ နာရီ ၂၆ မိနစ် ၄၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Northem Sumatra, Indonesia)၊ မြောက်လတ္တီတွဒ် ၂ ဒသမ ၀၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၆၉ ဒီဂရီ၊ အနက် ၄၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးကျင်းပ

## လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်မြို့နယ် ၁၂၈ မြို့နယ်တွင် အာမခံအလုပ်သမား ၁ ဒသမ ၃၄ သန်းကျော်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်

**နေပြည်တော် မတ် ၃**

အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၌ ကျင်းပသည်။

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ အမျိုးသားအဆင့်အဖွဲ့ဝင်များနှင့် အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တိုးချဲ့ဆောင်ရွက်နိုင်ပြီ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်း၍ အာမခံအလုပ်သမားများအတွက် ထိရောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ လက်လှမ်းမီ ရယူနိုင်ရန်နှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီပေးအပ်နိုင်ရန် အဓိကထားဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် နှစ်(၇၀) ကျော်ကာလသို့ ရောက်ရှိခဲ့ပြီး လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၈ မြို့နယ်အထိ အာမခံအလုပ်သမား ၁ ဒသမ ၃၄ သန်းကျော်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများကို ပိုမိုထိရောက်ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ် ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆေးခန်း ၇၅ ခန်းနှင့် သွားဖွားခန်း ရှစ်ခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးစိုက်ထုတ်ငွေများကို အမြန်ဆုံးပြန်လည်ပေးအပ်လျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးကိုရှေးရှုပြီး ၂၀၂၅ ခုနှစ်၌ မန္တလေး မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုရှိ အာမခံအလုပ်သမား တစ်သိန်းကျော်အတွက် ငွေကျပ် ၁၀၉၈၆ ဒသမ ၃၆၈ သန်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီး ကိုးသောင်းခန့်အား ငွေကျပ် ၃၅၈၀ ဒသမ ၁၃၀ သန်းကို ပညာသင်စရိတ်အနေဖြင့် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း။



လူမှုဖူလုံရေးအဖွဲ့ကို အာမခံအလုပ်သမားများ အားကိုးအားထားပြုထိုက်သော ဌာနတစ်ခုဖြစ်စေရန်နှင့် အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်စေရန်နှင့် တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယ-ရခိုင် သမိုင်းကြောင်းဆက်နွယ်မှု စာအုပ်မိတ်ဆက်ပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် မတ် ၃**

အိန္ဒိယ-ရခိုင် သမိုင်းကြောင်းဆက်နွယ်မှု စာအုပ်မိတ်ဆက်ပွဲနှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့် အိန္ဒိယယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Abhay Thakur နှင့် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များ၊ ရခိုင်မျိုးနွယ်စုဝင်များဖြစ်သည့် ဒိုင်းနက်၊ သက်၊ မြို၊ ခမီ၊ မရမာကြီးနှင့် ကမန်လူမျိုး တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အိန္ဒိယသံအမတ်ကြီး Mr. Abhay Thakur၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (ငြိမ်း) ဦးသာအောင်ညွန့်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းမောင်၊ ရခိုင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်လွင်တို့က အိန္ဒိယ – ရခိုင် သမိုင်းကြောင်းဆက်နွယ်မှု ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး ပြသထားသည့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် စာအုပ်မိတ်ဆက်ပွဲ ကျင်းပရာ ဒုတိယဝန်ကြီးက အိန္ဒိယနှင့် ရခိုင်ပြည်သူများအကြား ဆက်ဆံရေးသည် ရာစုနှစ်များစွာကတည်းက ကူးသန်းရောင်းဝယ်ရေးနှင့်အတူ အတွေးအခေါ်၊ စာပေ၊ အနုပညာ၊ ကုန်သွယ်ရေး ငွေကြေးဒင်္ဂါးများ သာမက ဗုဒ္ဓဘာသာ အဆုံးအမများပါ ရောက်ရှိပျံ့နှံ့ခဲ့ကြောင်း၊ ဓညဝတီနှင့် ဝေသာလီတို့ကဲ့သို့ ရခိုင်ရှေးဟောင်း မြို့တော်များမှ တွေ့ရှိရသည့် ကမ္ပည်းစာများ၊ အနုပညာ လက်ရာများနှင့် ဓလေ့ထုံးစံများသည် အိန္ဒိယယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို သက်သေပြနေကြောင်း၊ ရခိုင်ဒေသရှိကျောက်ထွင်း ပန်းပုနှင့် ဗိသုကာလက်ရာများသည်လည်း ကူးလူးဆက်ဆံမှု၏ ပြယုဂ်များဖြစ်ကြောင်း၊ ယခုကာလတွင် စစ်တွေဆိပ်ကမ်း ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေး အကျိုးကျေးဇူးရရှိသည့်အတွက် အိန္ဒိယအစိုးရကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ရခိုင်-အိန္ဒိယ သမိုင်းကြောင်းဆိုင်ရာ ဆက်ဆံရေးကို မီးမောင်းထိုးပြသည့် ဓာတ်ပုံပြပွဲနှင့် စာအုပ်မိတ်ဆက်ပွဲသည် စာပေ၊ အနုပညာ၊ ငွေကြေးဒင်္ဂါးများကို လေ့လာနိုင်သဖြင့် လွန်စွာတန်ဖိုးရှိလှသည့် ပွဲဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့်အတွက် မြန်မာနိုင်ငံအတွက် ကူညီမှုအမြန်ဆုံးပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပြောကြားပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) ဥက္ကဋ္ဌက ယနေ့မိတ်ဆက်သော စာအုပ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ပြောကြားသည်။

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)အဖွဲ့မှ တာဝန်ရှိသူများက အိန္ဒိယသံအမတ်ကြီးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) ဂုဏ်ထူးဆောင် နာယကဖြစ်သော ဒေါ်နုမြဲ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အိန္ဒိယ-ရခိုင် သမိုင်းကြောင်း ဆက်နွယ်မှု စာအုပ်ကို အိန္ဒိယသံအမတ်ကြီးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေး



**ကလေး မတ် ၃**

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် စွန့်ပစ်ပစ္စည်း စနစ်တကျစီမံခန့်ခွဲခြင်းနှင့် အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်က ဟောပြောပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကလေးမြို့ စည်ပင်သာယာအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် ကလေးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသန္တာအောင်တို့က စွန့်ပစ်ပစ္စည်း စနစ်တကျစီမံခန့်ခွဲခြင်းနှင့် အမှိုက်အမျိုးအစားခွဲခြား စွန့်ပစ်ခြင်း ခေါင်းစဉ်များကို ဆွေးနွေးဟောပြော၍လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၇၄)ရပ်ကွက် ပုဏ္ဏမီလမ်းရှိ 230 KV ရောဝဏ်ပင်မ ဓာတ်အားခွဲရုံအတွင်း မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ထူးချွန်ဝင်း ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဓာတ်တိုက် လေ့ကျင့်ခြင်းကို မတ် ၃ ရက်က ဆောင်ရွက်စဉ်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်စာစောင်တွင် ထည့်သွင်းထုတ်ဝေရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများ ဖိတ်ခေါ်ခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်စာစောင် ထုတ်ဝေသွားမည်ဖြစ်ပါသဖြင့် စာစောင်တွင် ထည့်သွင်းရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ရေးသားပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများကို မည်သူမဆို ရေးသားပေးပို့နိုင်ပြီး ကဗျာများကို A4 ဆိုဒ် စာမျက်နှာ ၁ မျက်နှာ၊ ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိ၊ ဝတ္ထုများကို A4 ဆိုဒ် စာမျက်နှာအများဆုံး ၁၀ မျက်နှာခန့်နှင့် စာတမ်းများကို A4 ဆိုဒ် စာမျက်နှာအများဆုံး ၁၅ မျက်နှာခန့် ရေးသားပေးပို့ရန်၊ (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)

( ခ ) ကွန်ပျူတာစာလုံး (Pyidaungsu Font)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅(Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မပတ်လည် (Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပြီး အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊

( ဂ ) ပုံနှိပ်ဖော်ပြထားပြီးသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူဖြစ်ကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများနှင့်အတူပေးပို့ရန်၊

(ဃ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်၊ (ရွေးချယ်ခံရခြင်းမရှိသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများအား ဆက်သွယ်ပြန်ကြားသွားမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။)

( င ) ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများပေးပို့ရာတွင် စာမူ Hard + Soft Copy (Word + Pdf) တစ်စုံစီ၊ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံသုံးပုံ (၁.၅" x ၂" ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၈၃၈၄၊ ၀၆၇-၃၄၀၈၄၃၇၊ အီးမေးလ် dhrnlm23@ gmail.com သို့ ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက် (သောကြာနေ့) နောက်ဆုံးထားပေးပို့ရန်၊ (စ) အသေးစိတ်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website (www. moculture. gov.mm)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) www.nlm.gov.mm နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) www.nlmnpt.gov.mm တို့တွင်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် (နေပြည်တော်)တို့၏ Facebook Page တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုရန်။ (အချိန်ကာလကန့်သတ်ချက်အရ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ပေးပို့လာသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများအား ထည့်သွင်းဖော်ပြပေးနိုင်ခြင်းမရှိသည်ကို သိရှိနားလည်ပေးနိုင်ပါရန် တစ်ပါတည်းဖော်ပြအပ်ပါသည်။)

**အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေးဆပ်ကော်မတီ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## စွမ်းဆောင်မှုဆိုင်ရာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုများ ဂုဏ်ပြုချီးမြှင့်အပ်နှင်းပွဲ ကျင်းပ

**ပုသိမ် မတ် ၃**



ဧရာဝတီ တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် အမှာစကား ပြောကြားပြီး ကရာတေးဒို အားကစားအဖွဲ့၊ အေရိုးဗစ်အဖွဲ့၊ မြန်မာ့သိုင်း (လက်သိုင်း)၊ ဝူရှူးအားကစားနည်းအဖွဲ့များ၏ သရုပ်ပြမှုများကို ကြည့်ရှုအားပေးကာ သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဖွင့်လှစ်သင်ကြားပေး**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၈၀ ကျော် တက်ရောက်ပြီး သင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၃ ရက်အထိ ဖွင့်လှစ်၍ ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ အေရိုးဗစ်၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ ဘော်လီဘော၊ ရိုးရာခြင်း၊ ခရစ်ကက်၊ စက်ဘီး၊ စစ်တုရင်၊ တင်းနစ်၊ ပိုက်ကျော်ခြင်း စသည့် အားကစားနည်း အမျိုး ၂၀ ကို ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ပုသိမ်မြို့ ကိုးသိန်းကွင်းဖူဆယ် အားကစားရုံဖွင့်ပွဲနှင့် ၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်အလွတ်တန်း အမျိုးသားဖူဆယ် ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စွမ်းဆောင်မှုဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စွမ်းဆောင်မှုဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုများ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်၍ အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုရရှိသော ကဏ္ဍအလိုက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအား နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ပြုကြောင်းနှင့် စည်းလုံးညီညွတ်စွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ တွင်လည်း ဝိုင်းဝန်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီးပွားရေးဆိုင်ရာထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်မှု ဂုဏ်ထူးဆောင်ဆု ရရှိသူများအား စွမ်းဆောင်မှုဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုများ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးနဲမြို့ မြို့မဈေးမီးဘေးလုံခြုံရေး မီးငြိမ်းသတ်မှု သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**မိုးနဲ မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ စည်ပင်သာယာမြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကပူးပေါင်း၍ ဆောင်ရွက်ကြသည်။

မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိမှု၊ ဈေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအနေဖြင့် အပေါ့စားမီးသတ်စက်၊ မီးသတ်ပိုက်လိပ်၊ မီးသတ်ရေငုတ်၊ မီးသတ်ရေကန်နှင့် အခြားမီးသတ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုသက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခိုင်ဇော်လင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးခွန်မောင်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အားတို့နှင့်အတူ မီးသတ်ရေယာဉ်မှရေပိုက်များဖြင့် မီးငြိမ်းသတ်နည်းကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



**သက်ရှည်ကျန်းမာဖို့**
**စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## သမဝါယမလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်



**မော်လမြိုင် မတ် ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သမဝါယမလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ဖွင့်လှစ်သွားမည်**

ဦးစွာ မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြားပြီး သင်တန်းသို့ မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၃၀ ဖြင့် သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိရာ သင်တန်းတွင် သမဝါယမသဘောတရားရေးရာများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စာရင်းရေးစာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်းနှင့် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေး သင်ခန်းစာများ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား တက်ရောက်

မကွေး မတ် ၃

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးမြို့ မြသလွန်စေတီတော်ရင်ပြင် မဟာဝိဇယရံသီ တန်ဆောင်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီးပရိသတ်များက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင် တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တမာနိတထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်) တိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒက သမ္ဗောဒနီယ သြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အထူးပင့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ သီလရှင်ဆရာကြီးတစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အထူးပင့် သံဃာတော်များ၊ ဘွဲ့ခံဆရာတော်များနှင့် ဘွဲ့ခံ သီလရှင် ဆရာကြီးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော်၌ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

လွိုင်ကော် မတ် ၃

ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း ရုံအမှတ်(၃)၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး နွေရာသီအခြေခံအားကစားသင်တန်းအတွက် အားကစားလေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

ထို့နောက် ဘင်ခရာတပ်ဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေ၍ တိုက်ကွမ်ဒိုအားကစားအဖွဲ့က သရုပ်ပြသကြရာ လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖျော်ဖြေပေးသည့် အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယမန်နေ့ကလည်း ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကယားပြည်နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တပ်ရင်းတပ်ဖွဲ့ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများ တက်ရောက်၍ စေတနာ သဒ္ဓါတရား ထက်သန်စွာလောင်းလှူကြသည်။

လှူဒါန်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ အလှူရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်း ၉၅ ကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်းမှ ရဟန်း၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၈၉၄ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော မင်္ဂလာဒုံမြို့နယ် ပညာတံခွန်ကျောင်းတိုက် ဆရာတော်ကြီးအား ဂုဏ်ပြုကြိုဆိုပွဲပြုလုပ်



ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ် ကြခင်းစုရပ်ကွက် ရတနာလမ်းရှိ ပညာတံခွန် ကျောင်းတိုက် ဆရာတော်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရာ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က ယနေ့ မွန်းလွဲပိုင်းတွင် ဂုဏ်ပြုကြိုဆိုရေး ယာဉ်တန်းဖြင့် ကြိုဆိုခဲ့ကြသည်။

ထိုသို့ ကြိုဆိုရာတွင် လမ်းတစ်လျှောက် ရခိုင်မင်္ဂလာစည်တော်ယွန်း၍ ဂုဏ်ပြုယာဉ်များဖြင့် တပည့်ဒါယကာ ဒါယိကာမများ လိုက်ပါ၍ ဥက္ကာလမ်း–လေဆိပ်လမ်းအတိုင်း၊ ကြခင်းစုဘောလုံးကွင်းမှ မြတောင်ညိုရဲရိပ်သာလမ်း အတိုင်းမှ လေဆိပ်ရေစင်လမ်း၊ ထိုမှတစ်ဆင့် ပညာတံခွန် ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ကြရာ လမ်းဘေးဝဲ/ယာ တစ်လျှောက် ကြည်ညိုပူဇော်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ စုဋ္ဌဘွဲ့နှင်းသဘင် စာအောင်ဆုပေးပွဲ အခမ်းအနားကျင်းပ

မှော်ဘီ မတ် ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီတို့က ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အစိုးရဓမ္မာစရိယတန်း၊ ပထမပြန်တန်းနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ကြသော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်အပေါင်းတို့အား ဂုဏ်ပြုဆုနှင်းသဘင် အခမ်းအနားကို ယမန်နေ့က မှော်ဘီမြို့နယ်လုံးဆိုင်ရာ သာသနဝိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။



ဆုပေးပွဲ အခမ်းအနားတွင် သာသနဓဇ ဓမ္မာစရိဘွဲ့ရ သံဃာတော်သုံးပါး၊ သီလရှင် ဆရာလေး ငါးပါး၊ ပထမကြီးတန်းအောင် ၂၂ ပါး၊ ပထမလတ်တန်းအောင် ၃၈ ပါး၊ ပထမငယ်တန်းအောင် ၈၅ပါး၊ အခြေပြု မူလတန်းအောင် ၁၃၅ ပါး၊ ဝိသုဒ္ဓိမဂ် ဒုတိယဆင့်အောင်ဆရာလေး နှစ်ပါး၊ အဘိဓမ္မာဂုဏ်ထူးဆောင် ဒုတိယဆင့်၊ တတိယဆင့် နှစ်ဆင့်အောင် ဆရာလေးတစ်ပါး၊ အဘိဓမ္မာ ရိုးရိုးအောင်ဆရာလေး ၁၄ ပါး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် အောင်မြင်သူလူပုဂ္ဂိုလ် ၅၉ ဦး အောင်မြင်သူများအား မှော်ဘီမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဝင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အလှူရှင် အပေါင်းတို့က အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ဆက်ကပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုခဲ့ပြီး အခမ်းအနားရုတ်သိမ်းကာ ဆရာတော် သံဃာတော်နှင့် သီလရှင်ဆရာလေးအပါး ၄၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၃**

နိုင်ငံ သားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများအသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးကြသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

၁။ သင်တန်းဆင်းပြီဆိုတော့ ကျွန်တော် အခုအလွန်တော့ ပျော်မိပါတယ်။ ကျွန်တော်တို့ စိတ်ထဲမှာတော့။ နောက်ပြီး ကျွန်တော့်ကို တာဝန်ပေးတဲ့နေရာမှာ တာဝန်ကို ကျေပွန်အောင် အကောင်းဆုံး ထမ်းဆောင်သွားပါမယ်လို့လည်း





ပြောချင်ပါတယ်။ ကျွန်တော့်ကို စစ်ပညာနဲ့ ပတ်သက်တဲ့ အခြေခံစစ်ပညာဆိုင်ရာတွေကို အစစအရာရာအကုန်လုံးကို ကျွန်တော်တို့ကို သင်ကြားပေးပါတယ် ဆရာကြီးများက။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာသလိုမျိုး ခံစားမိပါတယ်။ အရင်က အရပ်သားဘဝထက်စာရင်တော့ အခုအခြေအနေကို ပိုပြီးဂုဏ်ယူမိပါတယ်။ စစ်သားကောင်း တစ်ယောက်ဖြစ်အောင် အမြဲကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ကို ပေးအပ်တဲ့ တာဝန်အပေါ်မှာ အကောင်းဆုံး အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။ တပ်မတော်သား တစ်ယောက် ဖြစ်သွားတဲ့အချိန်မှာ ကျွန်တော့်ကိုယ် ကျွန်တော် အမြဲဂုဏ်ယူမိပါတယ်။ အရင်ကထက်စာရင် ယုံကြည်မှု အများကြီး ပိုရှိလာပါတယ်။ တပ်မတော်မှ ချပေးတဲ့ တာဝန်တွေကိုလည်း အကောင်းဆုံး ကြိုးစားသွားပါမယ်။

၂။ ပြောင်းလဲမှုကတော့ အများကြီးရှိပါတယ်။ ရောက်ခါစတုန်းကတော့ အခက်အခဲတွေ အများကြီးရှိတာပေါ့။ အရပ်သားဘဝကနေလာတာဆိုတော့ တပ်မတော်နဲ့ အထိအတွေ့ မရှိဘူးဆိုတော့ အခက်အခဲတွေတော့ ရှိခဲ့ပါတယ်။ စစ်မြေပြင်မှာ ဆိုရင်တော့ တစ်ယောက်တည်း ဆောင်ရွက်ဖို့လည်း မဖြစ်နိုင်ဘူးလေ။ အဲဒီတော့ အဖွဲ့လိုက် စနစ်နဲ့ပဲ သွားတာဖြစ်တဲ့အတွက် အဖွဲ့လိုက်ကြိုးစားတတ်အောင် ဆရာတွေက အများကြီး သင်ပေးထားပါတယ်။ ဆရာတွေ သင်ပေးထားတဲ့အတိုင်းပဲ ကျွန်တော်တို့ စစ်မြေပြင်ရောက်သွားရင်လည်း စစ်နည်းဗျူဟာရပ်တွေ၊ စစ်ပညာတွေကို အကောင်းဆုံး အသုံးချသွားပါမယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**





ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ပဲခူးမြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပဲခူး မတ် ၃

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ ယမန်နေ့ နံနက်ပိုင်းက (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်းရှိ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် ပြည်မြို့နယ်မှ တောင်သူ ဦးတင်ထွဋ်၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် ပြည်မြို့နယ်မှ တောင်သူ ဦးတင်မောင်ဆန်း၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်ခရိုင် ပထမဆုရရှိသည့် နတ်တလင်းခရိုင်၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်မြို့နယ် ပထမဆုရရှိသည့် ကဝမြို့နယ်နှင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲပြခန်း ပထမဆုရရှိသည့် ညောင်လေးပင်ခရိုင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ချည်မျှင်ရှည်ဝါနှင့် ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒုတိယ၊ တတိယ ဆုရရှိသည့် ထူးချွန်ခရိုင်/မြို့နယ်ဆုများ၊ အထူးဆုရရှိသည့် မြို့နယ်များ၊ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲပြခန်း ဒုတိယဆုရရှိသည့် ပြည်ခရိုင်၊ တတိယဆုရရှိသည့် ပဲခူးခရိုင်နှင့် ပြခန်းအထူးဆုရရှိသည့် ခရိုင်များနှင့် ဌာနဆိုင်ရာများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နတ်တလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက သဘာဝ ရွက်ဖျန်းမြေဩဇာ ပြုလုပ်အသုံးပြုပုံကို လည်းကောင်း၊ ၂၀၂၄–၂၀၂၅ ခုနှစ် သီးနှံအထွက်နှုန်း အမြင့်ဆုံးရရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများက မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး သီးနှံစံပြစိုက်ခင်းများ၊ စားဖိုဆောင်သီးနှံစိုက်ခင်းများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာကြသူများအား စတုဒိသာကျွေးမွေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား တွေ့ဆုံပြီး စာမေးပွဲဆိုင်ရာဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြား

မန္တလေး မတ် ၃

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်သွားကြမည့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့မှ ကျောင်းအုပ်ကြီး ၁၅၅ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများ၊ တာဝန်ရှိသူများအနေဖြင့် စာမေးပွဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြရာတွင် မေးခွန်းများ ထုတ်ယူသည့်အချိန်မှစပြီး စာစစ်ဌာနများသို့ အချိန်မီရောက်ရှိစေရေး၊ စာမေးပွဲဖြေဆိုနေစဉ်နှင့် စာမေးပွဲကာလအတွင်း လုံခြုံရေး၊ အဖြေလွှာများ ပြန်လည်အပ်နှံ ပို့ဆောင်ရေးလုပ်ငန်းများအထိ အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်စေရန် လုံခြုံရေး အထူးသတိရှိစွာဖြင့် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြုအလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ဝေသည့် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ လုပ်ငန်းလက်စွဲအတိုင်း အလေးအနက်ထားကာ ကျောင်းသားကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိဖြေဆိုနိုင်ရေး၊ အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး အားလုံးဝိုင်းဝန်းပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ မတ် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေသူစာရင်းသွင်းဦးရေ ၄၇၀၀၀ ကျော်ရှိပြီး စာစစ်ဌာန ၁၀၈ ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၄၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ



နေပြည်တော် မတ် ၃

ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၄၈ ဦးအား ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အကျဉ်းဦးစီးဌာန နေပြည်တော် အချုပ်ထောင် ညှော်တွေ့ဆောင်၌ ကျင်းပသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် နေပြည်တော် အချုပ်ထောင်တာဝန်ခံတို့က ပြစ်ဒဏ်ကျခံလျက်ရှိသည့် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၃၅ ဦး၊ နေပြည်တော် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ အကျဉ်းသား ၁၃ ဦး စုစုပေါင်းအကျဉ်းသား ၄၈ ဦးအား ဆုံးမသြဝါဒစကား ပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်ငွေများပေးအပ်ကာ သက်ဆိုင်ရာကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ မိုး/ဇလ



# ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ညောင်ဦး မတ် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၁ ဦးအား ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ညောင်ဦးအကျဉ်းထောင် အလုပ်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးက ဆုံးမစကားပြောကြားပြီး ညောင်ဦးအကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးထောက်ခံချက်၊ စားစရိတ်နှင့် ခရီးစရိတ်များပေးအပ်၍ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတ အရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။




စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

စစ်ကိုင်း တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၂၆ ရက်တို့တွင် မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ လျှပ်စစ်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Nissan AD Van တစ်စီး၊ Toyota Succeed တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၉၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၉၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဖေဖော်ဝါရီ ၁၈ ရက်၊ ၂၆ နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၉၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေး ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၉၉ ဒသမ ၃၉၈၀ တန်၊ သစ်မာ ၂၇ ဒသမ ၂၇၉၂ တန်၊ အခြား ၄၄ ဒသမ ၀၃၀၃ တန် စုစုပေါင်း ၁၇၀ ဒသမ ၇၀၇၅ တန်၊ ယာဉ်/ယန္တရားရှစ်စီး၊ တရားခံရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ သတင်းစဉ်



○ ကျောဖုံးမှ

အမျိုးသမီးတစ်ဦး စုစုပေါင်း ၃၉၃ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၁၇၄ လုံး၊ CPU အလုံး ၇၀ ၊ StarLink ကိုးလုံး၊ ဖုန်းမျိုးစုံ ၂၃၃ လုံး၊ ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖမ်းဆီးရမိသည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်းမရှိစေရေး စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများအား ဝင်းရောက်ဖမ်းဆီးမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅၀ အား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၁ ဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ မလေးရှားနိုင်ငံသား အမျိုးသမီး ခုနစ်ဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

# ပုသိမ်ကြီး မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းဆောင်ရွက်

ပုသိမ်ကြီး မတ် ၃

မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသမှု ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ပူးပေါင်းဆောင်ရွက်သည်။

**ဇာတ်တိုက်လေ့ကျင့်**



အဆိုပါ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ မြို့မ အရန်တပ်ဖွဲ့ဝင်များ၊ မိုင်ကုန်း အရန်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့မဈေးကြီး အတွင်း၊ အပြင် ဇာတ်တိုက်လေ့ကျင့် မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲနှင့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှဥက္ကဋ္ဌများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက်အားကစားအထောက်အကူပြုပစ္စည်းများနှင့် သင်တန်းအင်္ကျီများကိုလည်းကောင်း၊ သရုပ်ပြအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့သိုင်း၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ဝူရှူး နှင့် ကျွမ်းဘားအားကစားအဖွဲ့များက သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းများတွင် စက်ဘီး၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ လက်ဝှေ့၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ ကျွမ်းဘား၊ ဝူရှူး၊ ဘောလုံး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့ သိုင်း/ဗိုမီနမ်၊ ဘော်လီဘော၊ ရေကူး၊ ခရစ်ကက်၊ ဘီလီယက်နှင့် စနူကာ၊ အလေးမနှင့် မြားပစ် စုစုပေါင်း အားကစားနည်း ၂၄ နည်းတို့ကို မတ် ၁ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သူ့ရင်ပြင်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အကဲဖြတ်ဒိုင်ချုပ် ကိုယ်စားလှယ် ဦးသစ်လွင်စိုးက ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖွဲ့နှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ကူညီပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဝင်များ၏ အမှတ်တရလက်ရာမွန်များကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း (အခမဲ့)ဖွင့်လှစ်

**ရန်ကုန် မတ် ၃**

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် အခြေခံ ပန်းချီရေးဆွဲနည်း (အခမဲ့) သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမတွင် ယနေ့နံနက်ပိုင်းကစ၍ ဖွင့်လှစ်သည်။



ထိုသို့ဖွင့်လှစ်ရာတွင် ဦးစွာ လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပန်းချီပညာရှင် ဦးချစ်ဝန်းအောင် (မြန်မာ့ရိုးရာ ပန်းပညာရှင်များအစည်းအရုံးဗဟိုအဖွဲ့ဝင်) က ကျောင်းသား ကျောင်းသူများ သင်ကြား ပြသပေးသွားမည့် အခြေခံ ပန်းချီရေးဆွဲနည်းများနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားပြီး စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားသည်။

အခြေခံ ပန်းချီရေးဆွဲနည်း သင်တန်းသို့ လမ်းမတော်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅ ဦး တက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းကာလကို မတ် ၃ ရက်မှစ၍ ၃ ပတ်ကြာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



## မိုင်းရှူးမြို့၌ ၂၀၂၆ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိုင်းရှူး မတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားနည်းသင်တန်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့မအားကစားကွင်း၊ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

**လက်တွေ့သရုပ်ပြ**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးမျိုးမင်းဝင်းက အမှာစကားပြောကြားပြီး Fitness Dance အကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် အားကစားနည်းပြ ဆရာ ဆရာမများက အားကစားနည်းများ လက်တွေ့သရုပ်ပြသည်။

အဆိုပါ နွေရာသီအခြေခံအားကစားနည်းသင်တန်းတွင် နည်းပြဆရာ ၁၂ ဦးက ပြေးခုံပစ် ၁၅ ဦး၊ မြန်မာသိုင်း ၂၀၊ ပိုက်ကျော်ခြင်း ၃၀၊ ကြက်တောင်ရိုက် ၂၀ ၊Fitness Dance အက ၆၀ ၊ ဘောလုံးအားကစားသင်တန်းတွင် ၆၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀၅ ဦးအား မတ် ၃ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက်ပိုင်းတစ်ကြိမ်နှင့် မွန်းလွဲပိုင်းတွင်တစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

## ရွှေပြည်သာမြို့ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ ကွန်ပျူတာအခြေခံသင်တန်းဖွင့်



**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့ လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက နွေရာသီကွန်ပျူတာ အခြေခံသင်တန်း(အခမဲ့) ဖွင့်လှစ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မေမွန်ထွဋ်က ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းနည်းပြ ဆရာဦးဟန်စိုးက သင်ကြားပေးမည့် သင်ခန်းစာများအကြောင်းနှင့် သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ မတ်လ ၃ ရက်မှစ၍ (တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့ထိ) တစ်ပတ်လျှင် ၃ ရက်ဖြင့် သင်တန်းကာလ ၄ပတ်အထိ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း (ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး စာစစ်ဌာနများဖြစ်သည့် အထက (၁)၊ အထက (ရွာထောင်)အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်၊ ဈေးဆိုင်၊ အရောင်းဆိုင်များ၏ မီးဘေးလုံခြုံရေးကို မတ် ၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းက အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် နွေရာသီအားကစားသင်တန်းများဆင်းပွဲ တက်ရောက်



ထားဝယ် မတ် ၃

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်ကချမှတ်ပေးထားသည့် အားကစားနှင့်ကာယပညာဆိုင်ရာ မူဝါဒများနှင့်အညီ အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားသမားမျိုးဆက်သစ်များ စဉ်ဆက်မပြတ်မွေးထုတ်လေ့ကျင့်ပေးခြင်းသည် လုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိကြောင်း၊ ဒေသတစ်ခု၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးသည် အရေးပါလှကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းသွားပြီးပါက သင်ကြားပေးလိုက်သော အားကစားနည်းစနစ်များကို မေ့ပျောက်မသွားစေရန် ဆက်လက်လေ့ကျင့်ကစားနေကြရန်လိုအပ်ကြောင်း၊ "လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင် ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး အမြဲမပြတ်ကြိုးပမ်းလုပ်ဆောင်နေကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းကျင်းပမည့် ကျောင်းသားအားကစားပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ကျောင်းကိုယ်စားပြု၊ မြို့နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ထူးချွန်သောအားကစားသမားများ ဖြစ်လာနိုင်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိ၏ အားကစားနည်းများကိုတိုးတက်လာအောင်ဆက်လက်လေ့ကျင့်အားထုတ်သွားကြရန်၊ နည်းပြဆရာများအနေဖြင့် သင်တန်းသားများကိုအဆင့်မြင့် အားကစားနည်းများ တတ်ကျွမ်းလာအောင် ဆက်လက်သင်ကြားပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးပြီး သင်တန်းဆင်းအားကစားအဖွဲ့များ၏ မြန်မာ့သိုင်း၊ ဂျူဒို၊ လက်ဝှေ့၊ ခရစ်ကက်၊ တိုက်ကွမ်ဒို၊ ဘတ်စကက်ဘော၊ Fitness Dance၊ ဘင်ခရာ စသည့်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၃

အခြေခံ အင်္ဂလိပ်စာသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဦးကအခြေခံ အင်္ဂလိပ်စာသင်တန်းနှင့် အခြေခံ ပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမ ဒေါ်ထူးထိုက်ထိုက်ထွန်းက အခြေခံ အင်္ဂလိပ်စာသင်ခန်းစာ ပို့ချမှုနှင့် Diamond Star ကိုယ်ပိုင်အထက်တန်းကျောင်းမှ သင်တန်းနည်းပြဆရာ ဦးဆုလာဒ်ပိုင်က အခြေခံ ပန်းချီရေးဆွဲနည်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၃ ရက်မှ ၃၁ ရက်အထိ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Diamond Star ကိုယ်ပိုင်အထက်တန်းကျောင်းမှ သင်တန်းနည်းပြ ဆရာ ဆရာမများက သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**



# အောင်လံမြို့နယ်၌ နွေရာသီသင်တန်းများ ဖွင့်ပွဲကျင်းပ

အောင်လံ မတ် ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင်ကျောင်းသားကျောင်းသူလူငယ်မောင်မယ်များ ဗဟုသုတအတွေ့အကြုံသစ်များရရှိစေရန် ရည်ရွယ်၍ နွေရာသီသင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေရွှေဝါအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး အထက(၁) ဘင်ခရာနှင့်ပန်းဖွားအဖွဲ့များက "ရွှေမြန်မာ"သီချင်းဖြင့်၊ အထက(ရွာထောင်) ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များက "တောင်ယာဝင်ချိန်" သီချင်း၊ အထက(ရွာထောင်)နှင့်အထက(ခွဲ)(ရေပေါ်) ကျောင်းသား ကျောင်းသူများက Fitness Exercise လေ့ကျင့်ခန်းများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါနွေရာသီသင်တန်းများတွင် ဘင်ခရာ၊ ပန်းဖွား၊ ကင်းထောက်၊ Fitness Exercise၊ ကဗျာလွတ်အက၊ ယဉ်ကျေးလိမ္မာ၊ ပန်းချီ၊ ဂီတ(ပလွေ)၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အိမ်တွင်းမှုသင်တန်း အစရှိသည့် ဘာသာရပ်စုံလင်စွာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

# မကွေးမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်



မကွေး မတ် ၃

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို အကျဉ်းဦးစီးဌာန မကွေးဗဟိုအကျဉ်းထောင်တွင် ယမန်နေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန့်စင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ရှင်းလင်းပြောကြားခြင်း၊ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့်ပြသပေးရာ အကျဉ်းဦးစီးဌာန မကွေးဗဟိုအကျဉ်းထောင်မှ ဝန်ထမ်းများနှင့် မိသားစုဝင်စုစုပေါင်း ၇၉ ဦးတို့က ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ မန်းသံပုရာကန်ရေနံချက်စက်ရုံ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ စစ်ဆေး

မကွေး မတ် ၃

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်သည် သရက်ခရိုင်မီးသတ်ဦးစီးမှူး၊ မင်းလှမြို့နယ်မီးသတ်ဦးစီးမှူး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ အင်ဂျင်နီယာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မင်းလှမြို့နယ်မန်းသံပုရာကန်ရေနံချက်စက်ရုံသို့ ယနေ့နံနက်ပိုင်းက စက်ရုံ၏မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ၊ မီးတားလမ်းဖောက်လုပ်ထားရှိမှုများကို သွားရောက်စစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် စက်ရုံမှူးနှင့် လုံခြုံရေးဌာနမှူးတို့က စက်ရုံအတွင်းဆောင်ရွက်ထားရှိသော မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးတားလမ်းဖောက်လုပ်ထားရှိမှုများ၊ စက်ရုံမီးသတ်ဌာနအကြောင်းများကို မြေပုံနှင့်ရှင်းလင်း၍ စက်ရုံအတွင်း မီးတားလမ်းဖောက်လုပ်ထားမှုအခြေအနေများ၊ ဆောင်ရွက်ထားသော မီးဘေးလုံခြုံရေးအစီအမံများ၊ စက်ရုံမီးသတ်ဌာနတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သောအကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆိပ်ဖြူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးအေးမင်းမောင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မတ် ၂ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့စဉ်။

ကိုမိုး(ပြန်/ဆက်)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**နေပြည်တော် မတ် ၃**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ နှစ်(၃၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုပေးပွဲကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟနှင့် စစ်မှုထမ်းကောင်းတံဆိပ်ရရှိခဲ့ကြသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများ၊ အိမ်ထောင်သည်လိုင်းခန်းသန့်ရှင်းရေးနှင့် စိုက်ပျိုးမွေးမြူရေးဆုရရှိသူများအား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် ယူနီဖောင်းနှင့်အရပ်ဝတ်များ၊ အိမ်ထောင်သည်ရဲမေများအတွက် တူညီဝတ်စုံများကို ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ နှစ်(၃၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုပေးပွဲကို တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင်ဆုရရှိခဲ့သူများ၊ တိုင်းပြင်ပသင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းခန်းသန့်ရှင်းရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အကောင်းဆုံးဆုရရှိကြသော အရာရှိ၊ စစ်သည်၊ ရဲမေများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗလာမပါကိတ်မုန့်ဖောက်ပေးသည်။

ညနေပိုင်းတွင် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ပြုလုပ်ကာ ပြိုင်ပွဲများမှ ဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၃**

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Workshop)ကို ယနေ့နံနက်ပိုင်းတွင် မေ့ဆေးပညာဌာနနှင့် ခွဲစိတ်ကုပညာဌာနတို့က ဦးဆောင်၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ(ခုတင်-၇၀၀) မေ့ဆေးပညာဌာန၌ ပြုလုပ်ရာ ကလောတပ်နယ်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် အခြားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း ၃၄ ဦး တက်ရောက်၍ ပါဝင်ဆွေးနွေးကြသည်။

ဦးစွာ ဆေးရုံတပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပါရဂူများနှင့် တာဝန်ရှိသူများက "ဘေးအန္တရာယ် ကျရောက်နေသည့်ကာလအတွင်း ခေတ်မီ အသက်ကယ် ထိန်းသိမ်းကုသခြင်း"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ အဆိုပါ (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မတ် ၄ ရက်မှ ၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၃**

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည်တော်ကျင့်ဝတ် ရေးဖြေနှင့် တပ်သားအဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိအဆင့် ၁၅ ဦး၊ အရာခံအဆင့် ၁၅ ဦး၊ အကြပ်အဆင့် ၁၅ ဦး၊ တပ်သားအဆင့် ၁၅ ဦး စုစုပေါင်း ၆၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်တွင်းကြီးမြို့နယ်အတွင်း နွေစပါးနှင့်နွေသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ဆည်ရေသောက် စနစ်ဖြင့် နွေစပါးနှင့် နွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီ ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်တွင်းကြီးမြို့နယ်အတွင်း တောင်သူများ သီးနှံ အချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ ဆည်



ရေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှ စတင်ပေးဝေခဲ့သည်။

**လုံလောက်စွာ ပေးဝေမည်**

တောင်တွင်းကြီး မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီတွင် ရန်ပယ်ရေလှောင်တမံမှ နွေစပါး ဧက ၉၅၀၊ နွေနှမ်း ဧက ၅၀ နှင့် ငမင်ရေလှောင်တမံမှ နွေစပါး ဧက ၅၀၊ နွေနှမ်း ဧက ၅၀ စုစုပေါင်း ဧက ၁၁၀၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် (သင့်ကြောင့် မီးမလောင်ပါစေနှင့်)

ခင်မောင်ထွေး

❖ **မီးလောင်မှုဖြစ်စဉ်များအနက် လျှပ်စစ်နှင့်ပတ်သက်၍ လောင်ကျွမ်းသော မီးနှင့် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသောမီးတို့က အကြိမ်အရေအတွက် အများဆုံးဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့နေအိမ်နှင့် ဆိုင်ခန်းများတွင် ဝိုင်ယာသွယ်တန်းရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသုံးစွဲကြရန် လိုအပ်**

❖ **အိမ်များ၊ ဆိုင်ခန်းများတွင် သွယ်တန်းထားသော မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းပေါက်ပြဲပျက်စီးခြင်းများကို စစ်ဆေးပြီး အချိန်မီလဲလှယ်ကြရန်၊ ပလတ်တစ်ခုတည်းတွင် လျှပ်စစ်အသုံးအဆောင်ပစ္စည်း အများအပြား ပူးတွဲအသုံးမပြုရန်နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုများကိုလည်း ကျွမ်းကျင်သူများနှင့် ပုံမှန်စစ်ဆေးရန်လိုအပ်**

"ဥသြ၊ ဥသြ"

ဥသြငှက်တို့၏ တွန်ကျူးသံက ကြည်နူးဖွယ် ကောင်းလှသည်။ ဥသြငှက်တို့၏ အသံက နွေလ၏ သင်္ကေတလည်းဖြစ်သည်။ ဥသြတွေတွန်ကျူး နွေဦး ရောက်ခဲ့လေပြီ။

"ဟော့၊ ကိုညဏ်။ မနေ့က ဖုန်းခေါ်တာ မကိုင်ဘူး။ ဘယ်ပျောက်နေလဲ"

"ဟာ၊ ဟုတ်လား။ မနေ့က ရုံးမှာ မီးသတ်ဆေးဘူးနဲ့ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ရေးလုပ်ငန်းတွေ လုပ်နေရလို့ဗျို့"

**လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ရေးလုပ်ငန်း**

တစ်ဆက်တည်းမှာပဲ ကိုညဏ်က လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သူတစ်ခါမျှ မလုပ်ခဲ့ဘူးကြောင်း၊ လက်တွေ့လုပ်ကြည့်မှ ကိုယ့်အတွက်လည်း အကျိုးရှိအသုံးဝင်မှုကို သိလာခဲ့ကြောင်း ဆိုပါသည်။

"ဒါပေါ့ဗျာ။ လူဆိုတာ တကယ့်အရေးကြုံလာရင် ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းသိတာ မဟုတ်ဘူးဗျ။ သိသည့်တိုင်အောင် စနစ်တကျလက်တွေ့လေ့ကျင့်မှုတွေ လုပ်မထားရင် မီးသတ်ဆေးဘူးကို ဘယ်ကစလို့ ဘယ်လိုဖွင့်ပြီး မီးကို ဘယ်လိုငြိမ်းသတ်ရမလဲဆိုတာ ဘယ်လုပ်တတ်မှာလဲ"

သူ၏အဆိုကို ကျွန်တော်က တစ်ခဲနက်ထောက်ခံရင်း လူ့သဘာဝ လူ့မနောအရ လူတို့စိတ်တွင် ဖြစ်လေ့ဖြစ်ထရှိသော လူ့စိတ်သဘာဝကို ဆင်ခြင်မိပြီး ကျွန်တော့်အမြင်ကိုလည်း တစ်ဆက်တည်း ပြောလိုက်ပြန်သည်။

"ငယ်စဉ်ကတော့ ကျွန်တော်တို့လည်း ဒါမျိုးလေ့ကျင့်မှုတွေ၊ သင်တန်းတွေကို အပိုအလုပ်တွေလို့ ထင်ခဲ့မိတာပေါ့ဗျာ။ အသက်အရွယ်တွေရ၊ ဘဝအတွေ့အကြုံတွေရလာမှ အသိပညာ၊ အတတ်ပညာနဲ့ ဆက်စပ်တဲ့သင်တန်းတွေ၊ လေ့ကျင့်မှုတွေက ကိုယ့်ဌာန၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်မြို့ ကိုယ့်ရွာ သာမက ကိုယ့်ဘဝ ကိုယ့်မိသားစုအတွက်ပါ တစ်ချိန်မဟုတ် တစ်ချိန် အသုံးဝင်တယ်ဆိုတာ သိလာရတယ်ဗျ"

ယခုရက်ပိုင်းအတွင်း နွေလ၏ သင်္ကေတ ဥသြငှက်တို့၏ တွန်ကျူးသံများနှင့်အတူ မီးသတ်ကားများ၏ ဥသြဆွဲသံများကိုလည်း ထိတ်လန့်ဖွယ် မကြာခဏကြားလာရပေသည်။ နွေခေါင်ခေါင်မရောက်မီ နွေဦးကာလမှာပင် မီးလောင်မှုများက မကြာခဏလို ဖြစ်ပွားလျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်စောပိုင်းက ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စတိုးဆိုင်ဖွင့်လှစ်ထားသော နေအိမ်မီးလောင်မှုဖြစ်စဉ်တွင် သက်ကြီးပိုင်း ညီအစ်မအမျိုးသမီးကြီးနှစ်ဦးဖက်လျက်သား အသက်ဆုံးရှုံးခဲ့ရရှာသည်။

**မီးလောင်မှုဖြစ်စဉ်များ**

မီးလောင်မှုဖြစ်စဉ်များတွင် လူနေအိမ်များ သာမက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများလည်း ပါဝင်သည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက လောင်ကျွမ်းခဲ့သော လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ကုလားကြီးစုကျေးရွာတောင်တွင်းကြီးလမ်းရှိ အမက(၂၃) စာသင်ကျောင်းမီးလောင်မှုဖြစ်စဉ်တွင် သုံးမိနစ် လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ မေ့လျော့ပြီး စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းမီးလောင်မှု အပါအဝင် တစ်ရက်တည်း မီးလောင်မှု သုံးကြိမ် ဖြစ်ပွားခဲ့သည်။

ထို့အတူ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန် ငှက်ပျောတောလမ်းရှိ အထည်ချုပ်စက်ရုံတစ်ရုံ၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း(၅) ဗညားဒလလမ်းရှိ ဖွဲစက်ရုံတစ်ရုံနှင့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံတို့တွင်မီးလောင်မှုများ ဖြစ်ပွားခဲ့ပြန်သည်။ ရွှေပြည်သာစက်မှုဇုန်တွင် တစ်ပတ်အတွင်း စက်ရုံမီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း(၅)တွင် ဖြစ်ပွားခဲ့သော ဖွဲစက်ရုံမီးလောင်မှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းငြိမ်းသတ်ခဲ့ကြသော်လည်း ဆက်လက်လောင်ကျွမ်းနေသဖြင့် ည ၁၀ နာရီ ၄၇ မိနစ်တွင် Level 1 အဆင့်ဖြင့် ထပ်မံမီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ ဖော့စက်ရုံမီးလောင်မှုဖြစ်စဉ်တွင်လည်း Level 1 အဆင့် မီးလောင်ကျွမ်းခဲ့၍ တစ်နာရီကျော်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါ မီးလောင်မှုတွင် စက်ရုံရှေ့၌စုပုံထားသော ဖော့ဘူး၊ စက္ကူပုံးများ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ပင်မစက်ရုံသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိကြောင်း သိရသည်။

**ဈေးရုံတစ်ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့်**

ဖေဖော်ဝါရီလ ၂၅ ရက် ညပိုင်းကလည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့ပြန်သည်။ ည ၈ နာရီ ၄၆ မိနစ်တွင် ဈေးရုံ၏ ရုံအမှတ်(ဂ)မှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုဖြစ်စဉ်တွင် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ဈေးရုံ ငါးရုံအနက် ဈေးရုံတစ်ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့် မီးလောင်ပျက်စီးခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၀ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှုစုစုပေါင်း ၁၉၆ ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး ၂၈ ကြိမ်၊ ပေါ့ဆမီး ၆၅ ကြိမ်၊ အလိုအလျောက်မီး လေးကြိမ်၊ လျှပ်စစ်မီး ၇၅ ကြိမ်၊ မသမာသူ ရှို့မီး ငါးကြိမ်၊ တောမီး ၁၆ ကြိမ်နှင့် သောင်းကျန်းသူ ရှို့မီး သုံးကြိမ်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

မီးလောင်မှုဖြစ်စဉ်များအနက် လျှပ်စစ်နှင့်ပတ်သက်၍ လောင်ကျွမ်းသောမီးနှင့် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသောမီးတို့က အကြိမ်အရေအတွက် အများဆုံးဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့နေအိမ်နှင့်ဆိုင်ခန်းများတွင် ဝိုင်ယာသွယ်တန်းရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသုံးစွဲကြရန် လိုအပ်ပါသည်။

**ကျွမ်းကျင်သူများနှင့် ပုံမှန်စစ်ဆေးရန်လိုအပ်**

ထို့အတူ အိမ်များ၊ ဆိုင်ခန်းများတွင် သွယ်တန်းထားသော မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်း ပေါက်ပြဲပျက်စီးခြင်းများကို စစ်ဆေးပြီး အချိန်မီလဲလှယ်ကြရန်၊ ပလတ်တစ်ခုတည်းတွင် လျှပ်စစ်အသုံးအဆောင်ပစ္စည်း အများအပြား ပူးတွဲအသုံးမပြုရန်နှင့် အိမ်တွင်း လျှပ်စစ်သွယ်တန်းမှုများကိုလည်း ကျွမ်းကျင်သူများနှင့် ပုံမှန်စစ်ဆေးရန် လိုအပ်ပါသည်။

ထို့အတူ မိမိ၏ ပေါ့ဆမှုကြောင့် မိမိ မိသားစုသာမက မိမိရပ်ရွာဒေသတစ်ခုလုံး မီးကူးစက်လောင်ကျွမ်းမှုမဖြစ်စေရေးအတွက် လျှပ်စစ်မီးသုံးစွဲရာတွင် သတိ၊ အသိဖြင့် ဂရုတစိုက်သုံးစွဲကြရန် လိုအပ်သည်။ အထူးသဖြင့် မီးပျက်ချိန်နှင့် မလိုအပ်တော့သည့် အချိန်၊ အိမ်ပြင်သို့ ထွက်သည့်အချိန်၊ အနားယူအိပ်စက်ချိန်တို့တွင် သုံးလက်စလျှပ်စစ်ပစ္စည်းများကို မပျက်မကွက်ပိတ်ရန် သတိပြုကြရမည် ဖြစ်ပါသည်။

ပူပြင်းခြောက်သွေ့သောကာလများတွင် အပူချိန်မြင့်မားခြင်း၊ လေတိုက်နှုန်းမြင့်မားခြင်းနှင့် အစိုဓာတ်နည်းပါးခြင်းတို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်တက်လာနိုင်သည့်အတွက် ပြည်သူများက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်သည်။

မီးတားလမ်းများ ဖောက်လုပ်ထားရှိရေး၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများအား အသစ်လဲလှယ်တပ်ဆင်ရေး၊ စနစ်တကျသွယ်တန်းစေရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရေး၊ ရေရရှိရေးအတွက် မီးသတ်ရေကန်များ၌ ရေဖြည့်တင်းထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် FSC လျှောက်ထားရယူရေး စသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအစဉ်များကို သတိတမံ ဉာဏ်မြေကတုတ် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရပါမည်။

ဥသြငှက်တို့၏တွန်ကျူးသံနှင့်အတူ နွေဦးရာသီရောက်ပြီဆိုလျှင်ဖြင့် မီးသတ်ဦးစီးဌာန၏ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"** သတိပေးနှိုးဆော်ချက်ကို မိဘပြည်သူများအားလုံး သတိပြုဆင်ခြင်ပြီး မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရန် အသိပေးနှိုးဆော်လိုက်ရပါသည်။ ။



## ရေတာရှည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအား မီးဘေးကာကွယ်ရေး ကြည့်ရှုစစ်ဆေး

**ရေတာရှည် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက စစ်ဆေးဆောင်ရွက်သည်။

**အကြံပြုပြောကြား**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ရေတာရှည်၊ ရွှေကြက်ယက်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ စသည့်စာစစ်ဌာန ခြောက်ခုရှိ အထကများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးနှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးသတ်ဆေးဘူးထားရှိမှုနှင့် ရေလှောင်ကန်များထားရှိမှုကို စစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုများနှင့် မီးခလုတ်များ စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကျင်းပ



**နေပြည်တော် မတ် ၃**

အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာ ယဉ်ကျေး လိမ္မာသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်းနှင့် အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျ ခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး သင်တန်း တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ သင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၉၀ ဖြင့် ယနေ့မှ မတ် ၂၀ ရက်အထိ ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ပြီး တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များတွင်လည်း အဆိုပါ သင်တန်းများကို သင်တန်းသား သင်တန်းသူ ၂၁၁၀ ဖြင့် သင်တန်း ကာလ နှစ်ပတ်ကြာ ဖွင့်လှစ်သွား မည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံပဲမျိုးစုံ ဧက ၄၉၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးထား

**ရန်ကုန် မတ် ၃**

စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရာ၌ ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဆောင်းသီးနှံ ပဲမျိုးစုံ ဧက ၄၉၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း မိုးစပါးရိတ်သိမ်းပြီး နောက် သီးထပ်အနေဖြင့် ဆောင်းသီးနှံ မတ်ပဲ ၆၀၄၅၁ ဧက၊ ပဲတီစိမ်း ၄၂၁၀၄၅ ဧကနှင့် အခြားပဲမျိုးစုံ ၉၀၀၉ ဧက စုစုပေါင်း ၄၉၀၅၀၅ ဧကနှင့် ဆီထွက်သီးနှံ မြေပဲ ၄၄၄၁ ဧက၊ နှမ်း ၃၈၃၇ ဧကနှင့် နေကြာ ၈၀၀၁ ဧက စုစုပေါင်း ၁၆၂၇၉ ဧက စိုက်ပျိုးထားသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှုမြှင့်မားရေး၊ တစ်ဧကထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန် အပင်ပြုစုခြင်း၊ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းတို့ကို စိုက်ပျိုးတောင်သူတို့ထံ ရာသီအလိုက် အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



“ တစ်နှစ်ထက်တစ်နှစ် ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံ ပိုမိုစိုက်ပျိုးနိုင်အောင်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် တောင်သူတွေကို ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပြီး သူတို့လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာ၊ ရေရရှိရေးနဲ့ အခြားလိုအပ်ချက်တွေကိုလည်း ဆောင်ရွက်ပေးနေတာရှိပါတယ်။ နေကြာဆိုရင် မနှစ်က ဧက ၄၅၀၀ ကျော်ကနေ ဒီနှစ်မှာ ဧက ၈၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်တာကို တွေ့ရမှာပါ။ မျိုးစေ့ဆိုရင်တောင်သူတွေထံ ဈေးနှုန်းသက်သာစွာ စိုက်ပျိုးနိုင်အောင် စီမံဆောင်ရွက်ပေးထားတဲ့အတွက် ဒီနှစ်ဆောင်းသီးနှံအနေနဲ့ အထွက်နှုန်းတိုးတက်ပြီး အောင်မြင်မှုရရှိမှုအပေါ် တောင်သူတွေ အားရကျေနပ် လိမ့်မယ်လို့ ထင်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ယမန်နှစ်က ဆောင်းသီးနှံ ပဲမျိုးစုံ ဧက ၄၉၅၀၀၀ ခန့်နှင့် ဆီထွက်သီးနှံ ၁၄၅၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုနှစ်တွင် ဆီထွက်သီးနှံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးနိုင်မှုဖြင့် တိုင်းဒေသကြီး အတွင်း စားသုံးဆီဖူလုံမှုကို အထောက်အပံ့ကောင်း တစ်ခုအဖြစ် အကျိုးပြုနိုင်မည်ဖြစ်ပြီး ဆောင်းသီးနှံ ပဲမျိုးစုံကို ခရိုင်ခုနစ်ခုရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်နှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို ခရိုင်ခုနစ်ခုရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်တို့တွင် စိုက်ပျိုးထား သည်။

တိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရေးနှင့် တစ်ဧက ထွက်နှုန်း တိုးတက်လာစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်းသီးနှံအတွက် သွင်းအားစုများ အဖြစ် ယူရီးယားဓာတ်မြေဩဇာ ၈၉၄၅ ဒသမ ၂၀ တန်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ တန် ၇၀၀၀ ကို လည်း စိုက်ပျိုးတောင်သူများထံ ဖြန့်ဖြူးပေးနိုင်ခဲ့ ကြောင်း သိရသည်။

**ဥဿ၊ ဓာတ်ပုံ - ကိုလွင်**

# ရှမ်းယူနိုက်တက်အသင်း MNL ချန်ပီယံဆု ခြောက်ရာသီဆက်နှင့် ခုနစ်ကြိမ်မြောက် ရယူနိုင်ရန် နီးစပ်လာ



**ရန်ကုန် မတ် ၃**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် ၁၅ မှ ရွှေ့ဆိုင်းထားသော ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲကို မတ် ၂ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ခြောက်ဂိုး ပြတ်အနိုင်ရရှိပြီး ထိပ်ဆုံးနေရာ ပြန်လည် ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပွဲကျန် တွင် ရခိုင်ယူနိုက်တက်အသင်းကို ဂိုးဒါဇင် ဝက်သွင်းယူပြီး ရန်ကုန်ယူနိုက်တက် အသင်းကို ပွဲတူ တစ်မှတ်အသာရယူကာ ထိပ်ဆုံးနေရာ ပြန်လည်ရယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံ ဆုကာကွယ်ရန် အမှားမခံသည့် အချိန် ဖြစ်သောကြောင့် အမာခံကစားသမား အစုံအလင်အသုံးပြုကာ ဂိုးပြတ်နိုင်ပွဲ ရယူခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက် အသင်းသည် ယခုရှုံးပွဲကြောင့် တန်းမဆင်းရရေး ဆက်လက်ရုန်းကန် ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစ ၁၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကွင်းလယ်ကစားသမား ယူဂျီဟီရိုတာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက် အသင်းက ဂိုးများဆက်တိုက်သွင်းယူခဲ့ သဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ၅၄ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ၆၀၊ ၉၀+၃ မိနစ်တွင် ဘာကာယိုကို၊ ၆၆ မိနစ်တွင် စအောင် ပြည့်ကို၊ ၇၉ မိနစ်တွင် သူရိန်ထွန်းတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပွဲကျန်တွင် အနိုင်ရပြီးနောက် ရမှတ် ၄၉ မှတ်ဖြင့် ထိပ်ဆုံးနေရာ ပြန်လည်ရယူနိုင် ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄၈ မှတ်ဖြင့် ဒုတိယနေရာ ပြန်ဆင်းပေးခဲ့ရ သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်သုံးပွဲစလုံး အနိုင်ကစားနိုင်ပါ က ချန်ပီယံဆုကာကွယ်နိုင်မည်ဖြစ်ပြီး MNL အမှတ်ပေးချန်ပီယံဆုကို ခြောက်ရာသီဆက်နှင့် ခုနစ်ကြိမ်မြောက် ရယူနိုင်မည်ဖြစ်သည်။

လက်ကျန်ပွဲ အနေအထားအရလည်း ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေ ကောင်းများ ပိုင်ဆိုင်ထားပြီး ရန်ကုန် ယူနိုက်တက်အသင်းမှာမူ ချန်ပီယံ မျှော်လင့်ချက်ရှိနေသော်လည်း လက်ကျန် ပွဲအားလုံး အနိုင်ရရန်လိုအပ်သည့်အပြင် ရှမ်းယူနိုက်တက်အသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံး စေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက် ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင် များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေ သည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❖ ပါတီစုံဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများ ရှိသော်လည်း "စည်းလုံးခြင်းသည်အင်အား၊ ညီညွတ်ခြင်းသည်စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အထူးအလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့များသည် တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက် မယ်ခေါင်(၂)လမ်း ဟိုတယ်လိုင်စင် ရယူထားခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ဟိုတယ်အမည်ရှိ အဆောက်အအုံ၌ တရားမဝင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ကိုင်သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၈၉ ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၂၉၇ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ခုနစ်ဦး ပေါင်း ၃၈ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၁၁ ဦး ပေါင်း ၅၇ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ၃၉ ဦးအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## အိန္ဒိယ ယူ-၁၇ အသင်းနှင့် ပထမခြေစမ်းပွဲတွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် မတ် ၃

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့၏ ပထမခြေစမ်းပွဲကို မတ် ၃ ရက် ညပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖



ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဂီတာဖေးအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်း အမှတ်ပေးဇယားအဆင့် (၂) နေရာ၌ ဆက်လက်ရပ်တည်

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဂီတာဖေးအသင်းတို့ မတ် ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဂီတာဖေးအသင်းက ပထမပိုင်းပွဲကစားချိန် ၃၉ မိနစ်မှာ ဆာတရီယာနိုရဲ့ သွင်းဂိုးနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ချေပဂိုးရရှိရေး ကြိုးပမ်းရင်း သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ရီးယဲလ်မက်ဒရစ်ကစားသမား မက်စတန်တူအွန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာကြောင့် စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ✻

ယနေ့ ဖတ်စရာ


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



စာမျက်နှာ » ၁၁

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် (သင့်ကြောင့် မီးမလောင်ပါစေနှင့်)

ဆောင်းပါး စာမျက်နှာ » ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံပဲမျိုးစုံ ဧက ၄၉၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးထား

စာမျက်နှာ » ၂၀